မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား နေပြည်တော်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်

နေပြည်တော် မတ် ၁၀

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကို ကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့သည် 'အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒိသာပါမောက္ခ သီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မ ရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိ' အစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသည့်ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှားထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။

နှစ်စဉ်ဆက်ကပ်

ထို့အတူ **'သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့် ပြည့်စုံသော လူပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏'** ဟူသောဒေသနာတော်အရပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၁၁ ရက်)

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်ဖော်ဆောင် တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားစီးပွားရေးဘဝ မြင့်မားတိုးတက်လာစေရန် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများကို တိုင်းရင်းသားပညာရှင်များ၏ စွမ်းပကားဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

ကိုလိုနီအမွေဆိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများကို ၁၉၈၉ခုနှစ်မှစ၍ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်ခဲ့ရာ၌ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပြုစုစောင့်ရှောက်ရာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ အသိပညာနှင့် အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရန် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် စသည်တို့ကို ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့သည်။

တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာတတ်မြောက်ရေး၊ နယ်မြေဒေသ မြို့ပြစီမံကိန်းများနှင့် စက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်သောလုပ်သားများ ပေါ်ထွက်ရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုနည်းတူပင် လူငယ်လူရွယ်အမျိုးသမီးများအတွက် အမျိုးသမီးအိမ်တွင်းသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အသေးစားဆည်တမံများ၊ တူးမြောင်းများတည်ဆောက်ပေးပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်စေခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသဖြင့် လမ်းတံတားများကို ဦးစားပေးဖောက်လုပ် တည်ဆောက်ပေးခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီး ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံမှု ပိုမိုချောမွေ့လာခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လည်း ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများအပြင် အထူးကုဆေးရုံကြီးများကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို တိုးမြှင့်ဖော်ဆောင်လျက်ရှိရာ၌ တိုင်းရင်းသားပြည်သူများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ပုဗ္ဗကိစ္စကိုးပါး** တရားတော် ဆရာတော် ဘဒ္ဒန္တကဥ္စနသာရ
၇:၅၅-၁:၅၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၂၅-၂:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၀-၂:၅၀	Activities in the City မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကြီး၏ (၁၀)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနား
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ပဲခူးမြစ်ကို ဖြတ်ကျော်သွားအမှတ်(၂) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာများစွမ်းပကား
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	လူတိုင်းအတွက် DEFIND:e ကွန်ပျူတာအဘိဓာန်
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	**နောက်မကျချင်အောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၀:၃၀-၄:၃၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ရှာသာဆန်းပြားပီဇာအစားအစာများ) (အပိုင်း-၂)
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	Internet Directory (Biz Net Internet Cafe)
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
၁၁:၄၀-၅:၄၀	Midweek Sports News
၁၁:၅၅-၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀	အနာကြီးရောဂါကင်းဝေးရေး ဆောင်ရွက်ချက်များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကျော်မြင့်)
၁၂:၂၀-၆:၂၀	Myanmar Video Rhythm
၁၂:၄၅-၆:၄၅	တွဲလက်ညီညီ ဆယ်နှစ်တိုင်ခဲ့ပြီ
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Man Utd-Inter Milan	ESPN (Live)
	Roma- Arsenal	Star Sports (Live)

မြဝတီရုပ်မြင်သံကြား

၁၁-၃-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၄။	ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့ အတွေး** (အပိုင်း-၁)
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ**(အပိုင်း-၁၄)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၂)

ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ စည်းဝေး

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမှာစကားပြောကြား

နေပြည်တော် မတ် ၁၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၀၈)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကြိုးပမ်းဆောင်ရွက်

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ၌ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားစေရန်အတွက် လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် မြန်မာနိုင်ငံဘဏ်များ အသင်းအမှုဆောင်များကို လစဉ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များအားလုံးသည် ယခင်အတွေ့အကြုံများအပေါ်အခြေခံပြီး ဘဏ်လုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ မြင့်မားလာပါက ပြည်သူတို့၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပြောကြား

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြ ဆွေးနွေးကာ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ မန်နေဂျင်းဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာဖဂန်အရှေ့ပိုင်းတိုက်ခိုက်မှု

နေတိုးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ကဘူးလ် မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်ခံရသည့်အတွက် နေတိုးဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦး မတ် ၈ရက်က သေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားကြောင်း အဆိုပါတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကြေညာ

အာဖဂန်တပ်ဖွဲ့ဝင်များနှင့် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင်များကို ခြိမ်းခြောက်နေသည့် အဆိုပါဗုံးခွဲတိုက်ခိုက်မှုမျိုးကိုဖယ်ရှားရန် တပ်ဖွဲ့က ဆက်လက်ဆောင်ရွက်ပြီး အာဖဂန်တပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်သမားများ ချေမှုန်းရေးကိုလည်း ဆက်လက်ကူညီသွားမည်ဟု အိုင်အက်စ်အေအက်ဖ်က ကြေညာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်မှ ကန်တပ်ဖွဲ့ဝင် ၁၂၀၀၀ ခြောက်လအတွင်း ရုပ်သိမ်းမည်

ဘဂ္ဂဒက် မတ် ၁၀

အီရတ်နိုင်ငံအတွင်းတိုက်ခိုက်မှု စစ်ဆင်ရေးများကို ၂၀၁၀ပြည့်နှစ် ဩဂုတ်လတွင်အဆုံးသတ်မည့် အမေရိကန်သမ္မတ အိုဘားမား၏ အစီအစဉ်အရ လာမည့်ခြောက်လအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀၀၀ခန့်ကို အီရတ်မှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က မတ် ၈ရက်၌ ကြေညာခဲ့သည်။

အီရတ်တွင် အမေရိကန်တိုက်ခိုက်ရေးတပ်ရင်း ၁၄ရင်းရှိပြီး တပ်ဖွဲ့ဝင်ပေါင်း ၁၄၀၀၀၀ခန့်ရှိသည်။ တပ်ဖွဲ့ဝင် ၁၂၀၀၀ ကို ပြန်ရုပ်သိမ်းသည့်အခါ အမေရိကန်တပ်ရင်း ၁၂ရင်းသာ အီရတ်၌ ကျန်ရှိတော့မည်ဖြစ်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင် ၄၀၀၀ကိုလည်း ရှေ့လတွင် အီရတ်မှပြန်လည်ခေါ်ယူတော့မည်ဟု သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁ခုနှစ် အောက်တိုဘာ ၂၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၄၂/၉၁ဖြင့် ဘွဲ့တံဆိပ်တော်အမျိုးအစား ၂၀တို့ကို အသစ်တီထွင်ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့် ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား နှစ်စဉ် ဆက်ကပ်လှူဒါန်း ချီးမြှင့်ခဲ့ရာ ယခုနှစ် ၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း ၉ရက်၊ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းခံရသူများ၏ ဘွဲ့တံဆိပ်အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည့်ညို

ယင်းသို့ ဆက်ကပ်လှူဒါန်း ပူဇော်ချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည့်ညိုကြပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် သာသနာနုဂ္ဂဟ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်း၍ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲတံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနနွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သာသနာပြုဘွဲ့နှင့် သာသနာနုဂ္ဂဟဘွဲ့ရရှိကြသည့် ပြည်တွင်း ပြည်ပမှ လူပုဂ္ဂိုလ်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

တီးခတ်ဖျော်ဖြေ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားမစတင်မီ နံနက် ၁၁နာရီမှစတင်၍ ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့က ဓမ္မပူဇာသီချင်းများဖြင့် သီကျူးတီးခတ်ဖျော်ဖြေကြသည်။

ထို့နောက် နံနက် ၁၁နာရီခွဲတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား တာဝန်ရှိသူများက သာသနာ့မဟာဗိမာန်တော်ကြီး၏ သတ်မှတ်ထားသည့်နေရာတွင် ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန်ဘွဲ့ခံ ဆရာတော်များ၊ သီလရှင်ဆရာကြီးများနှင့် သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များအား သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ သတ်မှတ်နေရာအသီးသီးတို့၌ နေရာချထားပေးကြသည်။

ပင့်ဆောင်

ယင်းနောက် နံနက် ၁၁နာရီ ၄၅မိနစ်တွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာ့မဟာဗိမာန်တော်ကြီး မင်္ဂလာနတ်လမ်းအတိုင်း သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းသို့ ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာကြရာ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သာသနာ့အလံကို ကိုင်ဆောင်လျက်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က ပန်းစိုက်ငွေဖလားကို ပိုက်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက 'နိုင်ငံတော် သံဃမဟာနာယက' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက်လည်းကောင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့်က 'တိပိဋကဓရ တိပိဋက ကောဝိဒ' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က 'အဘိဓဇမဟာရဋ္ဌဂုရု' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီးသုံးပါးတို့အား ပင့်ဆောင်လာသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက 'အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီးနှစ်ပါးတို့အား ပင့်ဆောင်လာသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးက 'အဂ္ဂမဟာပဏ္ဍိတ' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော် ၂၃ ပါးတို့အား ပင့်ဆောင်လာသည်။

ပန်းမိုးရွာ

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဦးထိန်လင်းက 'အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး ၂၃ပါးတို့အား ပင့်ဆောင်လာပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါလာသည်။

ယင်းကဲ့သို့ ဆရာတော်ကြီးများအား မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာကြရာတွင် နိုင်ငံတော်ဆိုင်းအဖွဲ့က 'ရောင်ခြည်တော်ဘွဲ့' သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူထားကြသော ပရိသတ်များကလည်း လက်အုပ်ချီမိုးလျက် ရှိခိုးဂါရဝပြု ကြည်ညိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

11-3 (03).pmd 1 3/11/2009, 4:43 AM

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ် လှူဒါန်းစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ယင်းနောက် မဟာမင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ သာသနာ့ရွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဒေါ်မြင့်မြင့်ကြည်က ထူးမခြားနားသီချင်းခန့်ကို မြန်မာ့စိုးရာစောင်းနှင့် တွဲဖက်လျက် သီဆိုပူဇော်သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုဏ္ဍလဇောတိက သမ္မောဒနီယ ဩဝါဒကထာ ချီးမြှင့်ဖတ်ကြားတော်မူသည်။

(ဆရာတော်ကြီး၏ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ကာကွယ်ရေး ဦးစီးချုပ်(ရေ)ဗိုလ်ချုပ် ညဏ်ထွန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင် တို့ကို ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ယင်းနောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၁၃)ရပ်ကွက် ရွှေဟင်္သာတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တ သုစိတ္တာ ဘိဝံသ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ နန္ဒဝန်ရပ် သာသနဝိပုလ ရွှေဂူ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိလာသာဘိဝံသနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဆံတော်ရပ်ကွက် ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသနှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မဟာဝိသုဒ္ဓါရုံတိုက်သစ် နန္ဒာအေးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒသိရီ၊ သီရိလင်္ကာနိုင်ငံ Thalawathugada မြို့ သုမင်္ဂလာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောမာနန္ဒထေရ် (Ven. Theripehe Somananda Thero)နှင့် သီရိလင်္ကာနိုင်ငံ Thelanbugala, Gelioya မြို့ Nigrodhakettha Maha ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂဏဝံသထေရ် (Ven. Wilapitiye Ghanawansa Thero)တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် မန္တလေးတိုင်း ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက် မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ ကညွန့်ရပ်ကွက် ဃောသိတာရာမ(ပါဠိတက္ကသိုလ်)ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာလာဘိဝံသနှင့် ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၅ ကော်လံ ၁

အမျိုးဘာသာ သာသနာတော်ကို ချီးမြှောက်သောအားဖြင့်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းနေခြင်းဖြစ်

နေပြည်တော် မတ် ၁၀

၁၃၇၀ ပြည့်နှစ် တပေါင်းလပြည့်၊ ၂၀၀၉ခုနှစ် မတ်၁၀ရက် (အင်္ဂါနေ့)တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသော ၂၀၀၉ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုဏ္ဍလဇောတိ ချီးမြှင့်ဖတ်ကြားတော်မူသော သမ္မောဒနီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ၁၃၇၀ ပြည့်နှစ် ပြာသိုလဆန်း ၉ ရက်၊ ၂၀၀၉ခုနှစ် ဇန်နဝါရီလ ၄ ရက်(တနင်္ဂနွေနေ့) လွတ်လပ်ရေးနေ့ဝယ် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၉ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြောင်းကြေညာခဲ့ပြီး ယနေ့ တပေါင်းလပြည့်နေ့တွင်(နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ သာသနာ့ဗိမာန်တော်ကြီး၌) ဆက်ကပ်လှူဒါန်းပွဲကျင်းပရာသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။ သမ္မောဒနီယဩဝါဒကထာ လျှောက်ထားပြောကြားခွင့် ပြုတော်မူပါဘုရား။

ဘွဲ့တံဆိပ်တော်များနှင့်ပတ်သက်၍ မြတ်စွာဘုရားသည်-

၁။ အတ္ထုပ္ပတ္တိတော··· ဘွဲ့တံဆိပ်တော်ကိုခံယူထိုက်သော ယခုဘဝဖြစ်ပုံ အကြောင်းအရာနှင့် ပြည့်စုံခြင်း၊
၂။ အာဂမနတော··· ဘွဲ့တံဆိပ်တော်ကိုခံယူထိုက်သော ရှေးဘဝကပြုခဲ့သော ပါရမီနှင့်တကွ လာခဲ့ခြင်းနှင့် ပြည့်စုံခြင်း၊
၃။ စိတ္တာဝသီတော··· ဘွဲ့တံဆိပ်တော်ကိုခံယူထိုက်သော အလေ့အကျင့် ဝသီတော်နှင့် ပြည့်စုံခြင်း၊
၄။ ဂုဏာတိရေကတော··· ဘွဲ့တံဆိပ်တော်ကိုခံယူထိုက်သော ဂုဏ်လွန်ကဲမှုနှင့် ပြည့်စုံခြင်း

ဟူသော လေးပါးတို့တွင် တစ်ပါးပါးနှင့်ဖြစ်စေ၊ နှစ်ပါးနှင့်ဖြစ်စေ၊ သုံးပါးနှင့်ဖြစ်စေ၊ လေးပါးနှင့်ဖြစ်စေ ပြည့်စုံသော-

၁။ ဘိက္ခု(အမျိုးသားရဟန်း) ၄၁ပါးတို့ကို(ဧတဒဂ္ဂ ဘိက္ခဝေ-မမ သာဝကာနံ ဘိက္ခူနံ)စသည်ဖြင့်လည်းကောင်း၊
၂။ ဘိက္ခုနီ(အမျိုးသမီးရဟန်း) ၁၃ပါးတို့ကို (ဧတဒဂ္ဂ ဘိက္ခဝေ-မမ သာဝိကာနံ ဘိက္ခုနီနံ)စသည်ဖြင့်လည်းကောင်း၊
၃။ ဥပါသကာ(အမျိုးသားဒါယကာ) ၁၁ဦးတို့ကို (ဧတဒဂ္ဂ ဘိက္ခဝေ-မမ သာဝကာနံ ဥပါသကာနံ)စသည်ဖြင့်လည်းကောင်း၊
၄။ ဥပါသိကာ(အမျိုးသမီးဒါယိကာမ) ၁၀ဦးတို့ကို (ဧတဒဂ္ဂ ဘိက္ခဝေ-မမ သာဝိကာနံ ဥပါသိကာနံ) စသည်ဖြင့်လည်းကောင်း

အားလုံးပေါင်း ၇၅ဦးတို့ကို ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပါသည်။

ဤသို့မြတ်စွာဘုရားသည် ပုဂ္ဂိုလ်ပေါင်း ၇၅ဦးတို့ကို ချီးကျူးသော ဧတဒဂ်ရ ဘွဲ့ထူးများမှာ အရှင်အာနန္ဒာမထေရ်ကို ဘွဲ့ထူးငါးမျိုး၊ အရှင်စူဠပန္ထကမထေရ်ကို ဘွဲ့ထူးနှစ်မျိုး၊ အရှင်သုဘူတိမထေရ်ကို ဘွဲ့ထူးနှစ်မျိုး၊ မြန်မာနိုင်ငံသားများဖြစ်ကြသော တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင် နှစ်ဦးတို့ကို ဘွဲ့ထူးတစ်မျိုးအားဖြင့် ဧတဒဂ်ဘွဲ့ထူးပေါင်း ၈၀ ဖြစ်ပါသည်။

ဧတဒဂ္ဂဟူသော ပါဠိမာဂဓမှ ဧတဒဂ် ပါဠိသက်မြန်မာဝေါဟာရ အထူးပြုခြင်းဖြစ်သည်။ (ဤပုဂ္ဂိုလ်သည် အထူးချွန်ဆုံး၊ အမြတ်ဆုံး)ဟု အဓိပ္ပာယ်ရပါသည်။

မိမိတို့ မြန်မာနိုင်ငံသားများဖြစ်ကြသော တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ကို (ဧတဒဂ္ဂ ဘိက္ခဝေ-မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တပုဿဘလ္လိကာဝါဏိဇာ)(ဘိက္ခဝေ၊ ရဟန်းတို့။ ပဌမံ၊ ရှေးဦးစွာ(ဝါ)အရှင်ဆုံး။ သရဏံ၊ ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံသို့။ ဂစ္ဆန္တာနံ အသိအမှတ်ပြုသောအားဖြင့် ကပ်ရောက်ကြကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကြကုန်သော။ ဥပါသကာနံ၊ အမျိုးသားဒါယကာတို့တွင်။ ယဒိဒံ ယေဣမေ တပုဿ ဘလ္လိကာ ဝါဏိဇာ၊ အကြင် တပုဿဘလ္လိက ကုန်သည်ညီနောင်တို့သည်။ (သန္တိ ရှိကြကုန်၏။) ဧတံ, ဧတေ တပုဿ ဘလ္လိကာဝါဏိဇာ၊ ထိုတပုဿဘလ္လိက ကုန်သည်ညီနောင်တို့သည်။ အဂ္ဂံ, အဂ္ဂါ၊ အထူးချွန်ဆုံး အမြတ်ဆုံးတို့ပေတည်း)ဟူ၍ ဧတဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပါသည်။

ဤအရာ၌ မိမိတို့မြန်မာနိုင်ငံသားများအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စရာကား-

၁။ ဘုရားဖြစ်ပြီး၍ သတ္တ သတ္တာဟ ၄၉ရက်စံနေတော်မူပြီးနောက် ရက်ပေါင်း ၅၀မြောက်ဖြစ်သော ဝါဆိုလဆန်း ၆ရက်၌ မြတ်စွာဘုရားကို ဖူးမြင်ကြည်ညိုရသော လူသားတို့တွင် မိမိတို့မြန်မာနိုင်ငံသားများသည် ရှေးဦးစွာ ဖူးမြင်ကြည်ညိုရခြင်း၊
၂။ ဆွမ်းဒါနပြုလှူဒါန်းရသော လူသားတို့တွင် မိမိတို့မြန်မာနိုင်ငံသားများသည် ရှေးဦးစွာ လှူဒါန်းရခြင်း၊
၃။ သရဏဂုံဆောက်တည်ရသော လူသားတို့တွင် မိမိတို့ မြန်မာနိုင်ငံသားများသည် ရှေးဦးစွာ ဆောက်တည်ရခြင်း၊
၄။ ဆံတော်ဓာတ်မြတ်တို့ကို ကိုးကွယ်ရာအဖြစ်ရရှိသော လူသားတို့တွင် မိမိတို့ မြန်မာနိုင်ငံသားများသည် ရှေးဦးစွာ ရရှိခြင်း

အစရှိသည်တို့သည် မိမိတို့ မြန်မာပြည်၌ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်မြတ်ကြီး ကြာရှည်စွာ သန့်ရှင်း, တည်တံ့, စည်ပင်ပြန့်ပွားမည့် အတိတ်နိမိတ်များဖြစ်သည်ဟု ဂုဏ်ယူကာ ဝမ်းမြောက်ဝမ်းသာ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် အမျိုးဘာသာ သာသနာတော်ကို ချီးမြှောက်သောအားဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းနေခြင်းဖြစ်၍ ရဟန်းရှင်လူ တိုင်းသူပြည်သားအပေါင်းတို့အနေဖြင့် အလွန်အထူးကျေးဇူးတင် ဝမ်းမြောက်ကြရပါမည်။

ဘွဲ့တံဆိပ်တော်များကို ခံယူတော်မူကြရသည့် တပည့်တော်တို့၊ အရှင်ဘုရားတို့အနေဖြင့်လည်း အထူးအားဖြင့် ရှေးပညာရှင်ကြီးများ၏ အဆုံးအမ ဩဝါဒဖြစ်သော-

ယထာ ကကုဓလက္ခဏံ၊ အယုတ္တံ ကဋ္ဌဘေဒနံ။
ဧဝံ လဒ္ဓနလဒ္ဓဿ၊ အယုတ္တံ အညကာရိယံ။

ကကုဓလက္ခဏံ၊ မင်းမြောက်တန်ဆာ ဆင်မြန်းပြီးသောသူ၏ ။ကဋ္ဌဘေဒနံ၊ ထင်းကို ဖြတ်ခွဲနေခြင်းသည်။ အယုတ္တံ ယထာ၊ အမြင်မတော်မသင့်မလျော်သကဲ့သို့။ ဧဝံ, တထာ၊ ထို့အတူ။ လဒ္ဓနလဒ္ဓဿ၊ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိပြီးသောသူ၏။ အညကာရိယံ၊ သာသနာ့ကိစ္စမှ အခြားတစ်ပါးသော လောကီကိစ္စအဝဝတို့ကို ပြုလုပ်နေခြင်းသည်။ အယုတ္တံ၊ သာသနာနှင့် မလျော်မသင့်တော်သည်သာတည်း-ဟူသော အဆုံးအမ ဩဝါဒတော်မြတ်အတိုင်း အရှင်ဘုရားတို့၊ တပည့်တော်တို့အနေဖြင့် သာသနာတော်နှင့် မသင့်လျော်သော လောကီကိစ္စတို့ကို မပြုလုပ်ဘဲ စာပေကျမ်းဂန် သင်ကြားပို့ချမှုဟူသော ပရိယတ္တိသာသနာ့တာဝန်၊ တရားအလုပ်အားထုတ်မှုဟူသော ပဋိပတ္တိသာသနာ့တာဝန်များကိုသာ ဆောင်ရွက်ကြပါစို့ဟု ပတ္ထနာမှု ဩဝါဒ ပြုအပ်ပါသတည်း။ ။

ကာကွယ်ရေး ဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း ဆရာတော်ထံ သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ် တော်နှင့် အဆောင် အယောင်တို့ကို ဆက် ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

11-3 (04).pmd 1 3/11/2009, 4:43 AM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

ဘွဲ့တံဆိပ်တော်ဆက်ကပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် အမေရိကန်နိုင်ငံ ဝါရှင်တန် D.C. Shenandah တောင်ကြား အနောက်ဗာဂျီးနီးယားကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဟနီပိုလဂုဏရတနထေရ် (Dr. Ven. Henepola Gunaratana Thero)၊ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ညောင်ကန်တိုက် ဓမ္မာစရိယအေးကျောင်း ဆရာတော် ဘဒ္ဒန္တကုန္တကနှင့် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် တောင်ပြင်ထီးလင်းတိုက် ကျားပုံ့ပိဋကတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့တော်ဝန်များနှင့် တပ်မတော်အရာရှိကြီးများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယနှင့် ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

သီလရှင်ဆရာကြီးများ

ထို့နောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သောတာပန်ရပ် ဇေယျသိင်္ဂီချောင်မှ သီလရှင်ဆရာကြီး ဒေါ်နိမလ၊ မန္တလေးတိုင်း တောင်သာမြို့နယ် ကျောက္ကာကျေးရွာ မဟာဗောဓိဘုရားကြီးကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီနှင့် စစ်ကိုင်းတိုင်း မုံရွာမြို့ လယ်တီရပ်ကွက် ဧသုဝတီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ထေရီတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် မြဝတီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ရူပသိင်္ဂီ၊ ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် ကျုံးထောင့်ဝိပဿနာသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

သီလရှင် ဆရာကြီးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ဒေါ်သုဇနမာနီနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မင်္ဂလာသိဒ္ဓိစာသင်တိုက်နှင့် သီလရှင်ပညာရေးကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ဝရဉာဏီတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အမှတ်(၃) အောင်ချမ်းသာရပ်ကွက် ထေရဝါဒ ဗုဒ္ဓသာသနာပြု ပါရမီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပဏ္ဍိတမဉ္ဇရီ၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် ကုလဝိသေသီပရိယတ္တိစာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကုမာရီနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း ချောင်းဦးမြို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီးဒေါ်ခင်ခင်ဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ဇရိပ်မွှန်(၂) ပရဟိတ မိန်းကလေးကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်သြဘာသီတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ကယားပြည်နယ် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက် မဟာပုညကာရီစာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်မာလာရီနှင့် ရန်ကုန်တိုင်း သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် ခေမာရာမ သီလရှင်စာသင်တိုက် သီလရှင် အမျိုးသမီးပညာရေးကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်စန္ဒမာလာ၊ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် မော်လမြိုင်မြို့ အောင်သုခရပ် ခေမာရာမ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်းက ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိကြသည့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် မြဝတီသီလရှင်စာသင်တိုက်(၂) မှ သီလရှင်ဆရာကြီး ဒေါ်ဝိလာသီနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် မင်္ဂလာချောင်ကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ကိတ္တိမာလာတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ဉာဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်က ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက် သာသနမဏ္ဍူ ယင်းမာမြိုင်သီလရှင်စာသင်တိုက်မှ ဒေါ်နန္ဒာထေရီနှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒေါ်နိမလတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆောင်အယောင်ဆက်ကပ်

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွန့်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း (အနောက်ပိုင်း) နတ်တလင်းမြို့ ရွာမရပ် မဟာစည်သာသနာ့ရိပ်သာ သီလရှင်စာသင်တိုက်မှ ဒေါ်စန္ဒာသိရီနှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒေါ်ဂုပသန္တာတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီးဒေါ်မြမြစန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သုဓမ္မမဏိဇောတဓရဘွဲ့ ရရှိကြသည့် စစ်ကိုင်းတိုင်း မုံရွာမြို့မှ ဦးလှဟန်၊ စစ်ကိုင်းတိုင်း မုံရွာမြို့မှ ဦးသန်းထွန်းနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်မှ ဦးစိုးနိုင်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိကြသည့် မကွေးတိုင်း စလင်းမြို့မှ ဦးဖိုးသာနှင့် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့မှ ဦးနန္ဒတို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဘွဲ့တံဆိပ်အပ်နှင်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က သုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိကြသည့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ ဦးအောင်နိုင်ဆွေနှင့် မန္တလေးတိုင်း စဉ့်ကူးမြို့မှ ဦးဗိုလ်ချုပ်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက သုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း သန်လျင်မြို့နယ်မှ ဦးတင်အောင်ဝင်းနှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးလှဝင်းအောင်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Tongariodjo, JL. Kapten Pattimura နှင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ ဦးအားဆို့တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

သာသနာနုဂ္ဂဟဘွဲ့တံဆိပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသည့် ကယားပြည်နယ် လွိုင်ကော်မြို့မှ ဒေါ်နန်းငွေရီ၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့မှ ဒေါ်တင်နုနှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ ဒေါ်လှခင်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသည့် မန္တလေးတိုင်း မိတ္ထီလာမြို့မှ ဒေါ်ခင်ရှိန်၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်မှ ဒေါ်ခင်လှသင်းနှင့် ချမ်းအေးသာစံမြို့နယ်မှ ဒေါ်ငွေးငွေးခိုင်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသည့် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်မှ ဒေါ်ငြိမ်းငြိမ်း(ခ)ဒေါ်ငြိမ်းငြိမ်းနိုင်နှင့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ ဒေါ်သန်းသန်းတို့အားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက သုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ရရှိကြသည့် ရန်ကုန်တိုင်း တာမွေမြို့နယ်မှ ဒေါ်တင်မြနှင့် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်မှ ဒေါ်စန်းစန်းမော်တို့အားလည်းကောင်း၊ အတွင်းရေးမှူး(၁)၏ ဇနီး ဒေါ်ခင်စောနှင်းက သုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်ရရှိကြသည့် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ဒေါ်ချောစုမြတ်နှင့် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်မှ ဒေါ်ဥမ္မာမြင့်တို့အားလည်းကောင်း သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အနန္တကျေးဇူးတော်ရှင် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး တည်ရှိရာ သာသနာ့မဟာဗိမာန်တော်ကြီး၌ ယနေ့ကျင်းပပြုလုပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကြီးသို့ ဇရာဒုဗ္ဗလဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်လျက် မူလတာဝန်များဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာဓုရတို့ကို ခဏတာမျှ သည်းခံကာ မြတ်ဗုဒ္ဓသာသနာတော်၏ အနာဂတ်အရေးကို မျှော်တွေးအားပေးချီးမြှောက်လိုသော သမ္မာဆန္ဒဖြင့် ကြွရောက်ချီးမြှောက်တော်မူကြသည့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့်တကွ ယခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံတော်မူရသော သံဃာတော် အရှင်သူမြတ်အပေါင်းကို ဤနေပြည်တော် အောင်မြေအရပ်၌ ဦးစွာအကြိမ်ကြိမ် ဖူးမြော်ကြည်ညိုခွင့် ရရှိပါသောကြောင့် သာသနဥပဋ္ဌာက ဦးစီးဦးဆောင်ဒါယကာ ဒါယိကာမများအပါအဝင် ဖူးမြော်ကြည်ညိုခွင့်ရသူအားလုံး ရွှင်ပြုံးကြည်နူး ပီတိသောမနဿ ကုသိုလ်ထူးများကို ဆွတ်ခူးပိုင်ဆိုင်ခွင့် ရရှိကြပါကြောင်း ဝမ်းမြောက်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးတွင် သဘောတရားကို သိရှိစေရန် လေ့လာသင်ယူကြရသော ပရိယတ္တိသာသနာတော်၊ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်သုံးဆောင်ရွက်ကြရသော ပဋိပတ္တိသာသနာတော်၊ မဂ်ဖိုလ် နိဗ္ဗာန်တရားမှန်ကို ဧကန်ထိုးထွင်းသိမြင်ကြရသော ပဋိဝေဓသာသနာတော်ဟူသော သာသနာတော်သုံးရပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် ရောင်ရှိန်ထွန်းလက် တိုးတက်လျက် ရှိပါသည်ဘုရား။ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် သာသနာ့ထိပ်တင် မဟာထေရ်ရှင်ကြီးများနှင့် သံဃာတော်မထေရ်မြတ်များ၊ နိုင်ငံတော်အစိုးရအမှူးရှိသော ပြည်သူအများတို့သည် ဆရာဒကာ ညီညာလက်ယှက်လျက် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းရပ်များကို ဆောင်ရွက်ကြရာတွင် မဟာကုသိုလ်တော် လုပ်ငန်းတစ်ရပ်သည်ကား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းပူဇော်ခြင်းပင် ဖြစ်ပါသည်ဘုရား။

ကာလဒေသနှင့်အညီ

မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး တိုးတက်ထွန်းကားဆုံး ဦးဆောင်နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လျက်ရှိသော မြန်မာနိုင်ငံတော်တွင် သာသနာရေး၊ ဘာသာရေး အခမ်းအနားပွဲများကို ကာလဒေသနှင့်အညီ ကျင်းပလျက်ရှိပါသည်ဘုရား။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

နေ့ထူးနေ့မြတ်

ဆောင်းနွေကူးပြောင်း တပေါင်းသာစွ ခါသမယတွင် သဲပုံစေတီပွဲတော်များ၊ ဗုဒ္ဓပူဇနိယပွဲတော်များ၊ ရတနာသုံးပါး ပူဇော်ပွဲများကို အနယ်နယ်အရပ်ရပ်တွင် ကျင်းပလေ့ရှိပါသည်ဘုရား။ နေပြည်တော်တွင် တည်ထားကိုးကွယ်အပ်သော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင် ဗုဒ္ဓပူဇနိယမဟာ မင်္ဂလာအခမ်းအနားများနှင့် တစ်ဆက်တည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာကုသိုလ်တော်အခမ်းအနားကြီးကို ကောင်းစုံပြည့်ဝ သာယာလှသည့် တပေါင်းလပြည့်နေ့အခါတွင် ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြပါသဖြင့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ် အခါတော်မြတ် ဖြစ်ပါသည်ဘုရား။

ပူဇော်သင့်ပူဇော်ထိုက်သော အရှင်မြတ်များ၊ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပူဇော် ချီးကျူးခြင်းသည် ''ပူဇာစ ပူဇနေယျာ'' မင်္ဂလာနှင့် ပြည့်စုံသည်ဖြစ်၍ မွန်မြတ်ကောင်းမြင့် အထူးပင် တင့်တယ်လှပါသည်ဘုရား။

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်းနှင့် ဇနီးဒေါ်ခင်အေးမြင့်တို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက အရှင်ကိမိလမထေရ်က ဘုရားရှင်အား အနာဂတ်သာသနာရေးကို မျှော်တွေးလျက် သာသနာအရှည် မတည်တံ့နိုင်ခြင်း အကြောင်းတရားများကို အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ ကိမိလသုတ်နှင့် အခြားသုတ်တော်များ၌ မေးလျှောက်သဖြင့် ဘုရားရှင်က အတိအလင်းဟောပြတော်မူကြောင်း ဆရာတော်ဘုရားများ ဟောကြားတော်မူသည့်အတိုင်း နာခံမှတ်သားဖူးပါသည်ဘုရား။

သာသနာတော်အရှည်မတည်တံ့နိုင်ခြင်းအကြောင်းတရားများမှာ-

- ဘုရား တရား သံဃာ၌ မရိုမသေ မလေးစားခြင်း၊
- တစ်ဦးနှင့်တစ်ဦး အရိုအသေတန်ခြင်း၊
- တရားပစ္စည်းတို့ဖြင့် အစေ့အစပ်လိုက်လျောညီထွေပြုရန် မရိုမသေပြုမူခြင်းဟူ၍လည်းကောင်း၊

ပဉ္စကနိပါတ် သဒ္ဓမ္မသမ္မောသသုတ် သုံးသုတ်တွင်-

- တရားတော်ကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် ရိုသေစွာ မသင်ကြားခြင်း၊ မနာယူခြင်း၊ နှုတ်ငုံဆောင် မထားခြင်း၊ မစဉ်းစားမဆင်ခြင်ခြင်း၊ မကျင့်ပွားခြင်း၊ မှားယွင်းစွာသင်ယူပို့ချခြင်း၊
- နှုတ်လှန်ထိုးခြင်း၊ သံဃာကွဲပြားခြင်းဟူ၍လည်းကောင်း၊ **ပဉ္စကနိပါတ်အနာဂတဘယသုတ် လေးသုတ်တွင်-**
- ခေါင်းပါး၍ အန္တရာယ်များလှသော တောထဲ၌မနေလိုခြင်း၊
- တရားဘာဝနာမရှိသူအဆက်ဆက်က ရဟန်းပြုပေးကြခြင်း၊
- ကိုယ်ကျင့်ခွာ၍ ဘာဝနာနှင့်ဝေးကွာနေထိုင်ခြင်း၊
- ပညာသီလ(ဓမ္မ၊ဝိနယ)နှင့် စပ်သောစကားကို မသိမမြင် နားမလည်တော့ခြင်း၊
- လက်သစ်ခေတ်ပေါ်တရားဆန်းများကိုသာ နာယူလိုခြင်း၊ ဟောကြားလိုခြင်း၊ ဘုန်းကြီးအောင်ပြုမူခြင်း၊
- သီလသိက္ခာ၌ လျော့လျည်းစွာ ကျင့်သုံးခြင်း၊
- ဓုတင်အကျင့်ကိုဖယ်ရှောင်၍ ကာမဘောဂီ လူ့ဘောင်ကဲ့သို့ နေထိုင်ကျင့်သုံးခြင်း၊
- ဝိသဘာဂ(ဆန့်ကျင်ဘက်) အာရုံဝတ္ထုများနှင့် ရောရောနှောနှော နေထိုင်ဆက်ဆံခြင်း

စသည်တို့ဖြစ်ကြောင်း နာကြားမှတ်သားရပါသည်ဘုရား။

ကြိုးပမ်းအားထုတ်

ထိုသို့ မှတ်သားနာကြားရသည့်အလျောက် သာသနာပြုရဟန်းသံဃာတော်များအနေဖြင့် သမဏသာရုပ္ပမဖြစ်သည့် သာသနာတော်အရှည် မတည်တံ့နိုင်ခြင်းအကြောင်းတရားများကို ဖယ်ရှားရှောင်ကြဉ်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်စေမည့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတော်တည်းဟူသော သာသနာတော်သုံးရပ်ကို ရှေးအစဉ်အဆက်ကာလတိုင်အောင် ဆရာတော်ကြီးများမှအစပြု၍ ယခုခေတ် သံဃာတော် အရှင်မြတ်များကာလတိုင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်တော်မူခဲ့ကြခြင်းကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နေလိုလလို ထွန်းတောက်လျက်ရှိနေပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ထိုမျှနည်းတူ နိုင်ငံတော်အစိုးရနှင့် ဒါယကာ ဒါယိကာမများတို့အနေဖြင့်လည်း မိမိတို့ စွမ်းဆောင်နိုင်သည့် သာသနာပြုလုပ်ငန်းများ၊ သာသနာတော်စောင့်ရှောက်ရေးလုပ်ငန်းများကို အခြေအနေ အချိန်အခါအလျောက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဖြူစင်သန့်ရှင်းဖြောင့်မတ်သော ကုသိုလ်စေတနာဇောများဖြင့် ဆောင်ရွက်အားထုတ်ခဲ့သည်ချည်းသာ ဖြစ်ပါသည် ဘုရား။

အကောင်အထည်ဖော်

သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးဟူသော ဦးတည်ချက်ဖြင့် သာသနာရေးရာကိစ္စများ၊ ဝိနိစ္ဆယရေးရာကိစ္စများ၊ ပညာရေးရာကိစ္စရပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ဆုံးဖြတ်ညွှန်ကြားချက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

များနှင့်အညီ ယနေ့ကာလအထိ ဝိုင်းဝန်းကူညီကုသိုလ်ယူ ဆောင်ရွက်ခဲ့ပါသည်ဘုရား။ ပြည်တွင်းပြည်ပ သာသနာတော် ထွန်းကားပြန့်ပွားစေမည့် ကိစ္စမှန်သမျှကို အရှိန်အဟုန်မြင့်မားစွာ ဆောင်ရွက်နိုင်စေရန် ၁၉၉၁ခုနှစ် မေလတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို သာသနာရေးဝန်ကြီးဌာနအောက်တွင် သီးခြားတည်ထောင်ဖွင့်လှစ်လျက် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းမှန်သမျှကို ဆရာတော်ကြီးများ၏ ဩဝါဒတော်နှင့်အညီ ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်ဘုရား။

သာသနာတော်၏ ရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိပညာရေး သာသနာပြုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၉၂ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့သော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ (ရန်ကုန်၊ မန္တလေး)မှ ဘွဲ့ရစာပေပညာရှင် ရဟန်းတော်များသည် ယခုအခါ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ၌ ရှေ့တန်းကရပ်တည် သာသနာပြုလျက်ရှိကြပါသည် ဘုရား။ ပရိယတ္တိပညာရေးအခြေခံဖြင့် ပြည်ပနိုင်ငံများသို့ ဖြန့်ကြက်သာသနာပြုနိုင်ရေးကို

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွှန့် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးရှုလျက် ၁၉၉၈ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်အစိုးရက တာဝန်ယူတည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ကိုးနှစ်တာကာလအတွင်း နိုင်ငံပေါင်း ၂၅နိုင်ငံမှ ဘွဲ့ရဗုဒ္ဓဘာသာစာပေ ပညာရှင်အများအပြားသည် နိုင်ငံအနှံ့၌ သာသနာပြုလျက်ရှိကြပါသည်ဘုရား။ ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို နိုင်ငံတော်အစိုးရက ဦးဆောင်လျက် အောင်မြင်စွာကျင်းပ၍ သာသနာပြု နိုင်ခဲ့ပါသည်ဘုရား။ ပြည်တွင်းတွင် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများ၊ နိကာယ်စာမေးပွဲများစသည့် ပရိယတ္တိ စာမေးပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့သည့်အပြင် မည်သည့်နိုင်ငံတွင်မှ မရှိဖူးသေးသော တိပိဋကဓရ တိပိဋကကောဝိဒ

ဆွမ်းဆန်စိမ်းလောင်းလှူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။ (သတင်းစဉ်)

ရွေးချယ်ရေးစာမေးပွဲကြီးကို (၆၁)ကြိမ်မြောက်အထိ ကျင်းပခဲ့ပြီး တိပိဋကဓရ တိပိဋကကောဝိဒ အရှင်မြတ် ၁၁ပါး၊ တိပိဋကဓရ သုံးပါးတို့ကို ပေါ်ထွက်လာအောင် စွမ်းဆောင်နိုင်ခဲ့သည်များမှာ ပရိယတ္တိသာသနာ့သမိုင်းတွင် ထူးခြား ထင်ရှားသည့် မှတ်တိုင်ကြီးများအဖြစ် စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည် ဘုရား။

ချီးမြှင့်အပ်နှင်းခဲ့

မြန်မာနိုင်ငံတွင် ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင် ဆရာတော်များ၏ သာသနာပြုလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်တကွ အများပြည်သူတို့က ထောက်ပံ့လှူဒါန်းကြသဖြင့် သာသနာတော် ဘက်စုံထွန်းလင်း လျက်ရှိသည်မှာ လွန်စွာပင် သိသာမြင်သာလှပါသည်ဘုရား။ ဘုရားရှင်လက်ထက်တော်အခါကပင် တပည့်သာဝကများ အနက် အရာဌာန အားလျော်စွာ ထူးချွန်ထက်မြက်ထင်ရှားသည့် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာတို့အား ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်အားပေးခဲ့သည့် အစဉ်အလာကောင်းအတိုင်း ရှေးရှေးသော သာသနာပြု မင်းကောင်း မင်းမြတ်များနည်းတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်း နှစ်စဉ်နိုင်ငံတော်၏ လွတ်လပ်ရေး နေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းခဲ့ပါသည် ဘုရား။

ဆက်ကပ်အပ်နှင်း

ယခုနှစ် ၂၀၀၉ခုနှစ် ဇန်နဝါရီလ ၄ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသည် အမိန့်ကြော်ငြာစာ(၁/၂၀၀၉)ကို ထုတ်ပြန်ကြေညာလျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ-

- အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး	၃ ပါး
- အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး	၃ ပါး
- အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်	၂၃ ပါး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ ဆရာတော်	၇၅ ပါး
- ဓမ္မကထိကဘွဲ့တံဆိပ်တော်ရ ဆရာတော်	၄ ပါး
- ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်	၁၅ ပါး
- စာချဘွဲ့တံဆိပ်တော်ရ ဆရာတော်	၈၇ ပါး
- စာချဘွဲ့တံဆိပ်တော်ရ သီလရှင်	၁၃ ပါး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ သီလရှင်	၅ ပါး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား	၂ ဦး
- သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသား	၉ ဦး
- သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသမီး	၁၂ ဦး

စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သံဃာတော်အပါး ၂၁၀၊ သီလရှင် ၁၈ ပါးနှင့် လူပုဂ္ဂိုလ် ၂၃ ဦးတို့ ဖြစ်ကြပါသည်ဘုရား။

ပူဇော်လှူဒါန်း

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော် အရှင်သူမြတ်တို့၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အလေးထားဆောင်ရွက်တော်မူကြလျက် သာသနာပြုတော်မူခြင်း-သာသနပဟိတဓရဂုဏ်၊ တရားတော်ကို သင်ကြားပို့ချဟောပြောညွှန်ပြခြင်း-ဓမ္မာနုဂ္ဂဟဂုဏ်တို့ကို ရည်မှန်း၍လည်းကောင်း၊ သာသနာ နွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာပြုစွမ်းအင်နှင့် ဥပါသကာ ဥပါသိကာ အမျိုးသား အမျိုးသမီးတို့၏ သာသနာတော်ကို စေတနာသဒ္ဓါထက်သန်စွာ ချီးမြှောက်ထောက်ပံ့ခြင်း-သာသနာနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းပူဇော် လှူဒါန်းခြင်းဖြစ်ပါသည်ဘုရား။

ဆုမွန်ကောင်းတောင်း

နိဂုံးချုပ်အားဖြင့် ဆုတောင်းလျှောက်ထားရပါလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်အောင်မြေဒေသ၌ အံ့ဘနန်းရွှေတောင်ကြီးပမာ ကြည်ညိုဖွယ် ထွန်းလင်းဝေဖြာလာမည့် ကပ်သုံးပါးကို ကျော်လွှားငြိမ်းအေးစေနိုင်သော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် ယင်းစေတီတော်မြတ်ကြီးနှင့် ဆက်စပ်လျက်ရှိသော သိမ်၊ ကျောင်း၊ သာသနာ့ဗိမာန်၊ ဗုဒ္ဓပြတိုက်များ အပါအဝင် များပြားလှသော အဆောက်အအုံများကို တည်ဆောက် လှူဒါန်းကြရသော မဟာကုသိုလ်တော်၊ ထိုကုသိုလ်ကြီး၏ အခြံအရံများဖြစ်သော မြေသန့် မင်္ဂလာမှအစ ဗုဒ္ဓါဘိသေက အနေကဇာတော်တင် မင်္ဂလာအစရှိသော ကုသိုလ်တော်များ၊ ယနေ့ကျင်းပပြုလုပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကုသိုလ်တော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကုသိုလ်တော် အခမ်းအနားများတွင် ဦးဆောင်စီစဉ် လမ်းညွှန်ကြီးကြပ်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ ကုသိုလ်ရှင်အဖွဲ့အစည်းအသီးသီးမှ အလှူရှင်များ၊ ဝေယျာဝစ္စလုပ်အား လှူဒါန်းသူများအားလုံး၏ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအစုစု အဖြာဖြာသည် ပြည်ခေမာနိဗ္ဗာန်သို့ တက်လှမ်းပေါက်ရောက်နိုင်သော မဟာလှေကားများသဖွယ် အထောက်အပံ့ကောင်းများအဖြစ် တည်ရှိနိုင်ပါစေသတည်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့သည် ဆရာတော် သံဃာတော်များ၏ ဩဝါဒကို ဦးထိပ်ရွက်ပန်ဆင်လျက် နိုင်ငံတော်၏အကျိုး၊ သာသနာတော်၏ အကျိုးများကို ပွားတိုးစည်ပင်အောင် လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်နိုင်ပါစေ သတည်းဟူ၍ ပတ္တနာပြု ဆုမွန်ကောင်းတောင်းလျက် ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ကြောင်းဖြင့် လျှောက်ထားသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်အမှူးပြုသော ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သဒ္ဓါတရားထက်သန်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန မိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ စစ်ရေးချုပ်ရုံး မိသားစု၊ စစ်ထောက်ချုပ်ရုံးမိသားစု၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစေတနာရှင် အလှူရှင်များက သတ်မှတ်နေရာအသီးသီးတို့မှနေ၍ ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူ

ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေး ညွှန့်တို့ ဆရာတော်၊ သံဃာ တော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။

(သတင်းစဉ်)

လောင်းလှူပူဇော်

ယင်းသို့ လောင်းလှူကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းမှူးများ၊ ဝန်ကြီး များ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင် ပြည်သူများသည် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ် အဝင်လမ်းနှင့် စေတီတော်ပတ်လမ်းတစ်လျှောက်တို့ရှိ သတ်မှတ်နေရာအသီးသီးတို့မှနေ၍ စုစုပေါင်း ငွေကျပ် ၃၆၂၃ သိန်းတန်ဖိုးရှိသည့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ ကြည်ဖြူသဒ္ဓါဖြင့် လောင်းလှူပူဇော်ကြရာ ကြီးကျယ်ခမ်းနားလှ စွာသော အလှူဒါနအောင်ပွဲသဘင်မှ ကောင်းချီးနှမော် သာဓုခေါ်သံများ ဥပ္ပါတသန္တိ စေတီတော်ပရိဝုဏ်တွင် ဘဝင်လျှံလျက်ရှိသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ် ရှုံးထွက် ဒုတိယအကျော့ အနိုင်အရှုံးရလဒ်

လီဗာပူး	၄-၀	ရီးရဲမက်ဒရစ်
ဘိုင်ယန်မြူးနစ်	၇-၁	စပို့တင်းလစ္စဘွန်း
ဂျူဗင်းတပ်စ်	၂-၂	ချယ်လ်ဆီး
ပါနာသီနိုင်ကို့စ်	၁-၂	ဗီလာရီးရဲ

ဖောင်ပိတ်သတင်း

(မြန်မာ့အလင်း)

တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဘုရားဖူးများ လာရောက်ဖူးမြော်ကြစဉ်။ (သတင်းစဉ်)

တပေါင်းလပြည့်နေ့ အခါသမယ

နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားများပြား

ရန်ကုန် မတ် ၁၀

ယနေ့သည် ၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်နေ့အခါသမယဖြစ်သည်။ မြတ်ဗုဒ္ဓသည် ကာဠုဒါယီမထေရ်၏လျှောက်ထားချက်အရ ရဟန္တာအရှင်သူမြတ်နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ်၁၀၃ခု တပေါင်းလပြည့်ကျော်၁ရက်တွင် ရာဇဂြိုဟ်မှ ယူဇနာ ၆၀ ကွာဝေးသော ဖွားရာဇာတိ ကပိလဝတ် နေပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ တိုင်တိုင် နှစ်လကြာမျှ ဒေသစာရီကြွချီတော်မူခဲ့ရာ ဤလမြတ်တပေါင်းလကို ဗုဒ္ဓဘာသာဝင်အပေါင်းက “တပေါင်းလပြည့် မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့”အဖြစ် နှစ်စဉ်ကျင်းပကြသည်။

အထူးစည်ကား

တပေါင်းလ အခါသမယတွင် ရာသီပွဲတော်ဖြစ်သည့် သဲပုံစေတီပွဲတော်ကိုလည်း ကျင်းပကြသည်။ ယနေ့တွင် ဗုဒ္ဓဘာသာဝင်များသည် နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အပါအဝင် ဒေသအသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ပုညဘိသင်္ခါရတည်းဟူသော ကုသိုလ်ပုညပြုကြသူများ၊ သမထနှင့် ဝိပဿနာဘာဝနာ ပွားများကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

တပေါင်းလပြည့် အခါသမယတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာရောက်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားသည်ကို တွေ့ရသည်။

နေပြည်တော်

အလားတူ နေပြည်တော် ဘောဂသိဒ္ဓိ ရပ်ကွက်၌တည်ထားသည့် ဓာတုစယဓာတ်ပေါင်းစု စေတီတော်၌လည်း ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ကောင်းမှုပြုလုပ်

ထို့အတူ နေပြည်တော်ပျဉ်းမနားရှိ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်၊ လောကမာရဇိန် ဘုရား၊ ကိုးခမ်းကြီးဘုရား၊ လောကရန်နိုမ်ဘုရားစသည့် ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလှသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရာဟုထောင့် အောင်မြေ၌ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများက စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးကပ်လှူကြသည်။

တရားနာယူ

ထို့နောက် နံနက်၉နာရီခွဲတွင် (၂၅၉၇)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချအနုမောဒနာ အခမ်းအနားကို ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများက တရားနာယူကြသည်။

ထို့အတူ ဆူးလေ စေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ စွယ်တော်မြတ်စေတီတော်၊ သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်တို့၌လည်း ဘုရားဖူးပြည်သူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ကုသိုလ်ပုညပြု

အလားတူ ကမ္ဘာ့အေးစေတီ၊ မဟာဝိဇယ၊ကိုးထပ်ကြီး၊ခြောက်ထပ်ကြီး၊ငါးထပ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ ကျိုက္ကစံစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊တောင်ဥက္ကလာပစေတီ၊ မယ်လမုဘုရား၊ ကျိုက္ကလို့၊ ကျိုက္ကလှဲ့၊ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ကျိုက်ခေါက်စေတီတော်၊ ပါဒကြီးဘုရား၊ ခရမ်းမြို့ သွန်းဘုရားကြီး အပါအဝင် ရန်ကုန်မြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ ကုသိုလ်ပုညပြုကြသူများ၊ ဒါန သီလ ဘာဝနာပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ဦးသန်းဆွေအား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ်ခန့်အပ်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးသန်းဆွေအား နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးခင်မောင်စိုး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်မောင်စိုးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၉ခုနှစ် မတ် ၃ ရက်တွင် ဟနွိုင်းမြို့၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာငုယင်မင်ကျစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

တနင်္သာရီတိုင်း၌ နေရာကွက်ကျားမိုးရွာနိုင်

ရန်ကုန် မတ် ၁၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄စင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများ၌ မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ဒီဂရီ စင်တီဂရိတ်နှင့် ဘားအံမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ်လ၁၁ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၁၁-၃-၂၀၀၉ ရက်
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၀ ၇။ တေးဂီတအစီအစဉ်
၈:၁၅ ၈။ လှိုင်ကော်မြို့ကျက်သရေဆောင်နည်းပညာတက္ကသိုလ်ပင်မဆောင်
၈:၂၀ ၉။ (၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ အဆိုပြိုင်ပွဲ

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၃၀ ၄။ သီချင်းကြီးပဒေသာ
၄:၄၀ ၅။ **ကြိုဆိုလျက်ပါ** ငှက်ပျောကြော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ မိုးယံဇွန်၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော် (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
၄:၅၀ ၆။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၅:၀၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၉။ တေးဂီတအစီအစဉ်
၅:၃၀ ၁၀။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၅:၄၀ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၅၀ ၁၂။ (၆၄)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၁၃။ ညနေခင်းသတင်း
၆:၃၀ ၁၄။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၅။ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
၆:၅၅ ၁၆။ တေးဂီတအစီအစဉ်
၇:၀၀ ၁၇။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၂၅ ၁၈။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၅)
၂၃။ **နွေးထွေးစွာကြိုဆိုခြင်း** သျှားညီ၊ မင်းသူ၊ ဇာနည်၊ မင်းထက်ကျော်ဇင်၊ မြသဥ္ဇာလီ၊ ခိုင်နှင်းဝေ၊ ဆုပန်ထွာ (ဒါရိုက်တာ-သက်တင်)

ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား

အမျိုးသားပတ်လည် အမှတ်ပေး ဟော်ကီပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

၂၀၀၉ခုနှစ် ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည်အမှတ်ပေးဟော်ကီပြိုင်ပွဲကို မတ် ၁၅ရက်မှ ဧပြီ ၄ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပမည်ဖြစ်သည်။

အခမ်း

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မတ်၁၅ရက် ညနေ၃နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲမစတင်မီ မွန်းလွဲ၁နာရီခန့်မှစတင်၍ ဟာသ သရုပ်ဖော်ကကွက်များဖြင့် ဖျော်ဖြေခြင်း၊ တေးသံရှင် မေစပယ်ညို၊ ငယ်ငယ်၊ သီရိဆွေနှင့် ဇင်မင်းခန့်တို့က တေးသံသာများဖြင့် ဖျော်ဖြေခြင်း၊ အကအဖွဲ့များမှလည်း မြူးမြူးကြွကြွ ကပြဖျော်ဖြေခြင်းတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ ပရိသတ်များ အခမဲ့လာရောက်ကြည့်ရှုနိုင်သည်။

ပါဝင်ယှဉ်ပြိုင်

အမှတ်ပေးဟော်ကီပြိုင်ပွဲသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အသင်း ၁၀ သင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တစ်သင်းနှင့် ပုဂ္ဂလိက ကလပ်အသင်းနှစ်သင်း စုစုပေါင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမည့်ရက်မှအပ နေ့စဉ် နံနက်နှစ်ပွဲ၊ ညနေနှစ်ပွဲ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် ဆုရရှိသောအသင်းများနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှူခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို မတ် ၈ ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြတ်လင်း ပညာပေးဟောပြောစဉ်။ (သတင်းစဉ်)

အိုးထရက်ဖို့ဒ်မှာ မန်ယူ၊ နူးကမ့်မှာ ဘာကာပါပဲ ....

ချန်ပီယံလိဂ်ဒုတိယအကျော့အကြို - ထွန်းထွန်းဦး(လှိုင်)

စာမျက်နှာဖွဲ့စည်းမှု - အေးအေးလွင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၀

ချန်ပီယံလိဂ် ဒုတိယအကျော့အကြိုပွဲစဉ်များအဖြစ် မတ် ၁၁ရက်မှာ ကစားမယ့်ပွဲစဉ်တွေကတော့ အားလုံးအကြိတ်အနယ် ရှိလာပါလိမ့်မယ်။ အသင်းတိုင်းဟာ မပြတ်သားတဲ့ ရလဒ်တွေထဲက အနိုင်နဲ့သရေပွဲတွေကို ပိုင်ဆိုင်ထားကြလို့ နောက်တစ်ဆင့် တက်ရောက်ခွင့်ကို အခုပွဲစဉ်မှာ အားထည့်ပြီး ကစားရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပရိသတ်စိတ်အဝင်စားဆုံးဖြစ်တဲ့ မန်ယူ- အင်တာပွဲစဉ်ဟာ အတော့်ကိုကြည့်ချင်စရာပွဲဖြစ်နေပါတယ်။ ပထမအကျော့မှာ တစ်ဖက်နဲ့တစ်ဖက် အကြိတ်အနယ်ကစားပြီး ဂိုးမရှိသရေရလဒ်ထွက်ခဲ့လို့လည်း ဒုတိယအကျော့ပွဲစဉ်ဟာ နည်းပြနှစ်ဦးအတွက်သာမက နှစ်ဖက်ပရိသတ်အတွက်ပါ အတော်လေး အရေးပါနေပါတယ်။

မန်ယူ- အင်တာမီလန်

ဒီတစ်ခါတော့ မန်ယူမှာ ခံစစ်မှူး ဗီဒစ်ပါလာပါပြီ။ ဒါကြောင့်လည်း မန်ယူဟာ လူစုံပါလာပြီဖြစ်လို့ အင်တာလိုအသင်းမျိုးကို အိမ်ကွင်းအားသာချက်နဲ့ ဖိအားပေး ကစားမှာဖြစ်ပါတယ်။ အင်တာကလည်း အဝေးကွင်းမှာ နောက်ဆုံးညှစ်အားနဲ့ ပွဲစပွဲဆုံးကို တိုက်စစ်ဖွင့်ကစားမှာပါ။ ဒါပေမယ့် မန်ယူနောက်တန်းကိုတော့ ဖြတ်ကျော်ဖို့ လွယ်မှာမဟုတ်ပါဘူး။ မန်ယူဟာ အင်တာကို လွန်ခဲ့တဲ့ ၁၉၉၉ ခုနှစ် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်မှာဆုံခဲ့ပြီး အသာစီးနဲ့ကစားနိုင်ခဲ့သလိုမျိုး အခုပွဲစဉ်မှာလည်းပဲ အနိုင်ယူပြနိုင်အောင်လုပ်မှာပါ။ ပထမကျော့ကစားတုန်းကအတိုင်းပဲ မန်ယူဟာ ပွဲထွက်လူစာရင်းကို အပြောင်းအလဲအနည်းငယ်လုပ်ပြီး အင်တာကိုယှဉ်မှာပါ။ မန်ယူတိုက်စစ်မှူးတွေအနေနဲ့ အင်တာဂိုးသမားဆီဆာလို ဂိုးသမားမျိုးကို အခက်တွေ့အောင်လုပ်နိုင်မှ အဆင်ပြေမှာပါ။ ဆီဆာကလည်း လက်စွမ်းထက်တယ်။ ဒါကြောင့် ရွန်နေ၊ စီရိုနယ်ဒို၊ ဘာဘာတော့ဗ်တို့လိုကစားသမားတွေအနေနဲ့ ပါးနပ်ဖို့လိုနေပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေတော့ မန်ယူနည်းပြ ဖာဂူဆန်ဟာ သူ့အသင်းကို ဒီတစ်ခါမှာ မော်ရင်ညိုအသာစီး မရအောင်လို့ လုပ်ထားမယ့်ပုံပါ။ ထုံးစံအတိုင်း တည်ကြက် ရိုနယ်ဒိုကို ဖာဂူဆန်က ဗန်းပြပြီး သူ့ရဲ့ဝှက်ဖဲတွေဖြစ်တဲ့ ဂစ်နဲ့ဘာဘာတော့ဗ်တို့ကို အသုံးချမှာပါ။ နောက်တစ်ချက်က ဖာဂူဆန်ဟာ ကွင်းလယ်ခံစစ်နဲ့ နောက်တန်းခံစစ်ကို ကျစ်လျစ်အောင်လို့လုပ်ပြီးမှ တိုက်စစ်ဖွင့်မှာဆိုတော့ အင်တာမီလန်အဖို့တော့ ဂိုးရဖို့မလွယ်နိုင်ပါဘူး။ အီဘရာဟီမိုဗစ်နဲ့ အက်ဒရီယာနိုတို့အတွဲပဲ ပွဲထွက်လာရင်တော့ အင်တာတိုက်စစ်ဟာ မန်ယူနောက်တန်းကို ဖောက်ဖို့ခက်မယ်။ ဘာလော့တယ်လီနဲ့ တိုက်စစ်မှူးတစ်ယောက်ယောက်ပွဲထွက်ခိုင်းရင် မန်ယူနောက်တန်းအတွက်တော့ အင်တာတိုက်စစ်ကို သတိထားရတော့မယ်။ ဝါအရ အင်တာက အနည်းငယ်သာသယောင်ရှိပေမယ့် သွက်သွက်လက်လက်နဲ့ ကစားတဲ့အပိုင်း မှာတော့ မန်ယူသာပါတယ်။ ပါးနပ်မှုလည်းရှိနေတယ်။ အိမ်ကွင်းလည်း ဖြစ်နေပြန်တော့ သေချာပေါက်ကို မန်ယူအသာစီးနဲ့ကစားပြမှာပါ။ စီရိုနယ်ဒိုရဲ့ပါးနပ်မှုကနေတစ်ဆင့် ဂိုးရယူဖို့ပါလုပ်ထားမယ့် မန်ယူဟာ မော်ရင်ညိုရဲ့ အင်တာကို ဗျူဟာကျကျ ကစားရင်း အနိုင်ယူပြဖို့ရှိနေပါတယ်။

ရိုးမား- အာဆင်နယ်

အာဆင်နယ်ကတော့ ၁-၀ နဲ့ ပထမအကျော့မှာ အနိုင်ရထားတာကို မပျောက်ပျက်အောင်လို့ ရိုးမားနဲ့ကစားရမယ့် အဝေးကွင်းပွဲစဉ်မှာ သေချာလေးအာရုံစိုက် ကစားပြဖို့ရှိနေပါတယ်။ ရိုးမားမှာလည်း အားထားရတဲ့ကွင်းလယ်လူ ဒီရော့စီက ပွဲပယ်ခံထားရတော့ ပါနိုင်မယ်မထင်မိဘူး။ ဒါကြောင့် တော့တီရဲ့လက်ရှိခြေစွမ်းမမှန်မှုကြောင့် ရိုးမားရဲ့ကစားအားဟာ အာဆင်နယ်အပေါ်မှာ ဖိအားပေးဖို့ လွယ်မယ်မထင်မိဘူး။ ပထမအကျော့မှာ မပါနိုင်တဲ့ အာဆင်နယ်ကစားသမား တချို့လည်းပဲ ရိုးမားနဲ့ ကစားမယ့်ပွဲစဉ်မှာ ပြန်ပါလာမှာဆိုတော့ အိမ်ရှင်အသင်းအနေနဲ့ ဧည့်သည်တိုက်စစ်ကို ဂရုတစိုက်နဲ့ လိုက်ထိန်းချုပ်ရဖွယ်ရှိနေပါသေးတယ်၊ ရိုးမားဟာ အာဆင်နယ်နဲ့ ၂၀၀၂-၂၀၀၃ ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တုန်းကလည်း အိမ်ကွင်းမှာကစားစဉ်က ၁-၃ နဲ့ အရေးနိမ့်ထားပါတယ်။ ဒါမျိုးမဖြစ်တော့ဘူးလို့ တပ်အပ်မှမပြောနိုင်တာ အင်္ဂလန် ကလပ်တွေဟာ ကစားအားကောင်းတဲ့အပြင် ကစားပုံပါ မာရေကျောရေရှိလို့ ရိုးမားအနေနဲ့ ဟန်ချက်ပျက်တာနဲ့ အိမ်ကွင်းမှာ အခွင့်အရေးတွေအများကြီး ဆုံးရှုံးသွားနိုင်ပါသေးတယ်။ ဒါကြောင့်လည်းပဲ ရိုးမားဟာ တိုက်စစ်ကိုတရစပ်ဆင်ဖို့ထက် ခံစစ်ပိုင်းကိုသာ သတိထားကစားရင်း အာဆင်နယ်ကို ထိန်းချုပ်ထားမှာဆိုတော့ ဂိုးတွေသွင်းနိုင်ဖို့ဟာ ထင်သလောက် အခွင့်သာမယ်မထင်မိဘူး။ သုံးသပ်မိတာကတော့ အာဆင်နယ်ဟာ အဝေးကွင်းမှာ လူငယ်တွေအစွမ်းနဲ့ကစားရင်း ပွဲအပြီးမှာ သရေလောက်ကို အနိမ့်ဆုံး ကစားပြီး အမြင့်ဆုံးအနိုင်ရသွားနိုင်လို့ ဧည့်သည်အာဆင်နယ်ကို ရွေးထားလိုက်ပြီး အိမ်ရှင်ဖြစ်တဲ့ ရိုးမားကို မေ့ထားလိုက်တာ ဒီပွဲအတွက် အကောင်းဆုံးဖြစ်ပါတယ်။

အင်တာမီလန်နဲ့ မန်ယူတို့ ချန်ပီယံလိဂ် ပထမအကျော့တွင် မန်ယူတိုက်စစ်မှူး စီရိုနယ်ဒို အင်တာအသင်းဘက်ကို ထိုးဖောက်တိုက်စစ်ဆင်ခဲ့စဉ်။

(ထိုပွဲတွင် ဂိုးမရှိ သရေကျခဲ့သည်။)



လိုင်ယွန်နဲ့ ဘာစီလိုနာတို့ ချန်ပီယံလိဂ်ပထမအကျော့တွင် ဘာစီလိုနာ တိုက်စစ်မှူး အီတူး လိုင်ယွန်အသင်းဘက်ကို ထိုးဖောက်တိုက်စစ်ဆင်ခဲ့စဉ်။

(ထိုပွဲတွင် ၁-၁ သရေကျခဲ့သည်။)

ဘာစီလိုနာ- လိုင်ယွန်

ဘာစီလိုနာကတော့ လိုင်ယွန်ကို အဝေးကွင်းမှာ ၁-၁ သရေကစားပြီး အခု နူးကမ့်ကိုအပါခေါ်လာကာ ပြန်လည်အနိုင်ယူတော့မှာဖြစ်နေပါတယ်။ ဘာစီလိုနာဟာ လတ်တလောမှာ ပွဲကျပ်တွေဆက်တိုက်နွှဲနေရလို့ ပွဲပန်းနေတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်မှာတော့ ကစားသမားကောင်းတွေနဲ့ ပွဲထွက်ကစားပြီး လိုင်ယွန်ကို အခုအဆင့်မှာ ချန်ရစ်ထားမယ့်အနေအထားပါ။ ဘာစီလိုနာကတော့ ၂၀၀၇-၂၀၀၈ ချန်ပီယံလိဂ် တစ်ကြိမ်၊ ၂၀၀၁-၂၀၀၂ ချန်ပီယံလိဂ်မှာ တစ်ကြိမ်အနိုင်ရအောင်လို့ ကစားပြထားတဲ့ အစဉ်အလာကလည်း အိမ်ကွင်းမှာရှိနေတော့ သုံးကြိမ်မြောက် အိမ်ကွင်း တွေ့ဆုံတဲ့ပွဲမှာ အစဉ်အလာမပျက်ဘဲနဲ့ အသာရအောင်လို့ ကစားဖို့ရှိနေပါတယ်။ ဘာစီလိုနာဟာ လိုင်ယွန်ကိုကစားရခက်ခဲဖွယ် အနည်းငယ်ရှိပေမယ့် လူစုံပါဝင်နိုင်ဖွယ်ရှိနေလို့ နောက်ဆုံးမှာ ၂-၀လောက်နဲ့ ဘာစီလိုနာ အနိုင်ယူသွားဖို့က သေချာနေနိုင်ပါတယ်။ ဒါကလည်းပဲ အတွေ့အကြုံချင်း ကွာလို့ဖြစ်ပါတယ်၊ ဘာစီလိုနာကိုပဲ ကြိုက်တယ်။

ပေါ်တို- အက်သလက်တီကို

ပေါ်တိုမြေမှာဖြစ်လို့ စပိန်ကလပ် အက်သလက်တီကိုဟာ အခွင့်သာမှာ မဟုတ်ပါဘူး။ ပေါ်တိုကသာ ဖိအားပေးကစားဖို့ရှိနေမှာပါ။ ပေါ်တိုမှာ ပထမအကျော့ မပါနိုင်တဲ့ ကစားသမားအချို့ ပြန်ပါလာမှာပါ။ ဒါကြောင့် အက်သလက်တီကိုဟာ ခံစစ်ကြောင်း လုံခြုံဖို့ လိုအပ်ပါတယ်။ ဖော်လန်၊ အဂွေရိုတို့လည်းပဲ အချိတ်အဆက်မိမိနဲ့ မကစားနိုင်ရင် ပေါ်တိုမြေမှာ ဂိုးရဖို့ခက်နိုင်ပါတယ်။ သုံးသပ်မိတာကတော့ အက်သလက်တီကိုဟာ ပေါ်တိုကို ခြေရည်တူကစားနိုင်ပေမယ့် ခံစစ်အမှားတွေကြောင့် ပွဲအပြီးမှာ ကပ်ပြီးအရှုံးတွေ့သွားနိုင်တဲ့ပွဲလို့ ခန့်မှန်းရပါတယ်။ ။

(မြန်မာ့အလင်း)

ဟသ်ာတအသင်း နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် မတ် ၁၀

ဟသ်ာတအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ၄၅ လမ်း အမှတ် ၁၈၄/၁၈၆ ရှိ အသင်းတိုက်သစ်ကြီး၌ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲအတွက် အသက်၈၀နှင့် အထက်ပြည့်ပြီးသူ အသင်းဝင်များ အမည်စာရင်း ပေးပို့ကြပါရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို ပေးပို့ကြရန် ဖိတ်ခေါ်ထားသည်။

သတင်းပေးပို့

အဆိုပါ စာရင်းများကို ဦးတင်ရှိန် ဖုန်း-၅၀၂၃၀၃၊ ဦးလှကြည် ဖုန်း-၅၃၄၅၃၈၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၃၉၂၂၂၁၊ ဒေါ်ညွန့်ညွန့် ဖုန်း-၂၄၅၃၉၅၊ အသင်းတိုက် ဖုန်း-၂၀၁၁၁၄ နှင့် အမှုဆောင်များထံ မတ် ၁၇ရက် နောက်ဆုံးထား ဆက်သွယ်သတင်းပေးပို့ကြရန်ဖြစ်ပြီး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် လှူဒါန်းချီးမြှင့်လိုသူများသည် ကြိုတင်ဆက်သွယ်၍လည်းကောင်း၊ အစည်းအဝေးနေ့တွင်လည်းကောင်း လှူဒါန်းချီးမြှင့်နိုင်ကြကြောင်းနှင့် ဟသ်ာတအသင်းတိုက်ဆောက်လုပ်ရန် ငွေလှူဒါန်းသူများကိုလည်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးမှတ်တမ်းတင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မတ် ၁၀

အလက(၁)လှိုင် မြတ်ဆရာပူဇော်ပွဲ

အလက(၁)လှိုင် (၇လမ်းကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၅၁၆၃၉၃နှင့် ၅၃၆၀၀၆တို့သို့ ဆက်သွယ်နိုင်သည်။

ဖူဆယ်အလွတ်တန်း ဘောလုံးပြိုင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဆပ်ကော်မတီက ကြီးမှူး၍ ဦးလှဋ္ဌေး (Sara FC)၏ အဓိကပံ့ပိုးမှုဖြင့် ၂၀၀၉ခုနှစ် အမျိုးသားအလွတ်တန်း ဖူဆယ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို မတ် ၂၁ရက်တွင် တောင်ဥက္ကလာ ပဒေသာ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရန် စီစဉ်ထားရာ မတ် ၁၇ ရက်နောက်ဆုံးထား၍ ဖုန်း-၀၉-၈၀-၃၀၅၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပေါက်ခေါင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် တိုက် ၆၈ အခန်း(၄) နေအိမ် မျက်နှာချင်းဆိုင်ရှိ သာသနာ့ဟိတကာရီမြွမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ဖုန်း-၃၈၇၅၃၄ နှင့် ၅၈၀၆၁၈ တို့သို့ ဆက်သွယ်နိုင်သည်။

ပန်းပုအရောင်းပွဲတော် ကျင်းပမည်

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့် ဆရာစံပလာဇာတွင် ပြသမည်ဖြစ်ရာ ပြပွဲကာလ မတ်လမှ ဧပြီလကုန်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသမည်ဖြစ်ပြီး အခမဲ့ကြည့်ရှုလေ့လာ ဝယ်ယူနိုင်သည်။

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် (ပထမ)ဆုရ မြေလတ်မင်းလွင်ရေးသားသည့် ကံကောင်းခြင်းလက်ဆောင်နှင့် အခြားဝတ္ထုတိုများစာအုပ်ကို အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ အဆိုပါအသင်းသို့ အသင်းဝင်လိုပါက အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈ နှင့် ၂၄၉၀၃၁တို့သို့ ဆက်သွယ်နိုင်သည်။

မြောင်းမြဆရာအတတ်သင်ကျောင်းဆင်းများ တွေ့ဆုံမည်

၁၉၇၃-၁၉၇၄ မြောင်းမြဆရာအတတ်သင် ကျောင်းဆင်းသူငယ်ချင်းများ တွေ့ဆုံပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အထက(၃) မြောက်ဥက္ကလာပ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၄၁၅၆၇နှင့် ၆၉၉၁၉၀တို့သို့ ဆက်သွယ်ကြရန် ဖိတ်ကြားထားသည်။

ရေအခက်အခဲဖြစ်ပါက မြို့တော်စည်ပင်မှ ရေပေးဝေမည်

ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည့် ပြည်သူများရေရရှိမှုအခက်အခဲဖြစ်ပေါ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာန ဖုန်း-၃၈၄၀၂၁သို့ ဆက်သွယ်ပါက ဌာနပိုင်ရေသန့်ကားများဖြင့် အိမ်တိုင်ရာရောက် ရေပေးဝေမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်အသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည် အစည်းအဝေးကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏလမ်းဆုံရှိ MCEA အသင်းရုံးချုပ်၌ မတ် ၁၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

တပ်မတော်ဘောလုံးနည်းပြများအား ပူဇော်မည်

တပ်မတော်ဘောလုံးနည်းပြများအား အာစရိယပူဇော်ပွဲကို ဧပြီ ၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၀၉-၈၀-၃၀၂၉၀နှင့် ၀၉-၂၀-၂၈၈၀၅တို့သို့ ဆက်သွယ်နိုင်သည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

မြန်မာပီဂျီအေမှကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် Air Bagan Ltd.က အဓိကကူညီပံ့ပိုးသော Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၂ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ဂေါက်ရိုက်သမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ ။

စုစည်းရေးသားသူ - ဝင်းကျော် (မြန်မာ့အလင်း)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်ကြားရေးဝန်ကြီး၏ မှာကြားချက် ထပ်ဆင့်ရှင်းလင်း

ကလေး မတ် ၁၀

မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (၁၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို မတ်၂ရက် မွန်းလွဲ ၂နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးခရိုင်ရုံး ပညာ့အလင်း ခေတ်မီစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်း ဦးစီးမှူး ဦးတင်သန်းဝင်းက ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်ချက်၊ ၂၀၀၉-၂၀၁၀ ခုနှစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန် (၁၁)ရပ်ကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မတ် ၃ရက် မွန်းလွဲ ၁နာရီတွင် ကလေးခရိုင်၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆက်လက်ကျင်းပရာ ခရိုင် ဦးစီးအရာရှိ ဦးသိန်းလှိုင်နှင့် ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ်များမှ ခိုင်မာ စာကြည့်တိုက် ဆောင်ရွက်နိုင်မှု အခြေအနေ ရှင်းလင်းတင်ပြပြီး တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက တင်ပြချက်များအပေါ် ဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူကလပ်က ခေါ်ယူမည့် ဘာတိုလို

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဝင်းချို(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၀

လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ မန်ယူအသင်းအနေနဲ့ အာဂျင်တီးနားကလပ် ဘင်ဖီးလ်မှ ကွင်းလယ်ကစားသမား နီကိုလက်စ်ဘာတိုလိုကို ခေါ်ယူမယ်လို့ သတင်းထုတ်ပြန်လိုက်ပါတယ်။

ကွင်းလယ် တိုက်စစ်ကစားသမား အတွက် အင်အားဖြည့်ဆည်းလိုတဲ့ ဖာဂူဆန်က ဘာတိုလိုကို အတော်လေး သဘောကျနေတယ်လို့ ဆိုပါတယ်။ ဖာဂူဆန်က ကွင်းလယ်တိုက်စစ်အပိုင်းမှာ ပေါလ်စခိုး အသက်အရွယ်ရလာပြီး ခြေစွမ်းကျလာတာနဲ့ စီရိုနယ်ဒို အသင်းပြောင်းရွှေ့ခဲ့ရင်ဆိုတဲ့ အချက်တွေနဲ့ ချိန်ဆပြီးခြေစွမ်းထက်မြက်တဲ့ လူငယ် ကွင်းလယ်ကစားသမားကို အပူတပြင်း ရှာဖွေနေခြင်းပဲဖြစ်ပါတယ်။

မီးစိမ်းပြ

အခုဆိုရင် တောင်အမေရိကမှာ ရှိတဲ့ မန်ယူကင်းထောက်တွေက ပေးပို့တဲ့ ဗီဒီယိုအခွေတွေကိုကြည့်ရှုပြီး ဘင်ဖီးလ်အသင်းက ကွင်းလယ်ကစားသမား ဘာတိုလိုအား ခေါ်ယူလိုကြောင်း ဖာဂူဆန် မီးစိမ်းပြခဲ့ခြင်း ဖြစ်ပါတယ်။

ပြောင်းရွှေ့ကစား

တကယ်တော့ မန်ယူကခေါ်ယူဖို့ စိတ်ဝင်စားတဲ့ ဘာတိုလိုဟာ အသက် ၂၃ နှစ်သာရှိသေးပြီး ဘင်ဖီးလ်ကလပ်မှာတော့ ခြေစွမ်းထက်တဲ့ ကစားသမား ဖြစ်ပါတယ်။ ဘာတိုလိုဟာ ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီမှာ အာဂျင်တီးနား ကလပ် ဘိုကာဂျူနီယာအသင်းမှာ စတင်ကစားခဲ့တာဖြစ်ပြီး ၂၀၀၇-၂၀၀၈ဘောလုံးရာသီမှာတော့ မွန်တီဗီဒီယိုကလပ်မှာ သွားရောက်ကစားခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာတော့ ဘင်ဖီးလ်အသင်းကို ပြောင်းရွှေ့ကစားခဲ့တာဖြစ်ပါတယ်။

လူငယ်ကစားသမား

ဘာတိုလိုဟာ ဒီနှစ်ဘောလုံးရာသီမှာတော့ ဘင်ဖီးလ်အသင်းအတွက် ငါးပွဲကစားပြီးချိန်မှာ နှစ်ဂိုးသွင်းယူထားနိုင်သူ ဖြစ်ပါတယ်။ ဒါဟာဘင်ဖီးလ်အသင်း တိုက်စစ်မှူး ဆဲလ်ဗားနဲ့ သွင်းဂိုးအတူတူပဲ ဖြစ်တာမို့ ကွင်းလယ်တိုက်စစ်အားသန်တဲ့ လူငယ်ကစားသမားတစ်ဦးဖြစ်ပါတယ်။

မန်ယူကလပ်မှာ အရင်ကနောက်ခံလူ ဟိန့်ဇ်နဲ့ အခုတီဗက်ဇ်တို့က ခြေစွမ်းပြ ကစားနိုင်တာမို့ အာဂျင်တီးနားဘောလုံးသမားတွေဟာ မန်ယူကလပ်နဲ့ ဓာတ်တည့်တဲ့ သဘောရှိပါတယ်။ အခုဆိုရင် အာဂျင်တီးနား ကွင်းလယ်ကစားသမား ဘာတိုလိုက ဂိုးသွင်းခြေစွမ်းထက်မြက်တဲ့ အပြင် တွန်းတွန်းတိုက်တိုက် ကစားနိုင်တဲ့ သူလည်း ဖြစ်တာမို့ မန်ယူကလပ်ရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီနေပါတယ်။

စောင့်ကြည့်

ဒါကြောင့် နွေရာသီ အပြောင်းအရွှေ့ ဈေးကွက်မှာတော့ မန်ယူကလပ်ကို ဘာတိုလို ရောက်လာချိန်ကို စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ ။

(အင်တာနက်)



ကွင်းလယ် ကစားသမား ဘာတိုလို

မန်ယူက လာမည့် နွေရာသီ အပြောင်း အရွှေ့ကာလ၌ ခေါ်ယူမည့် ကွင်း လယ် ကစား သမား ဘာတိုလို။

(အင်တာနက် ဓာတ်ပုံ)

၂၀၁၆ ဥရောပဖလား အိမ်ရှင် လာမည့်နှစ်မေလ၌ ကြေညာမည်

လန်ဒန် မတ် ၁၀

၂၀၁၆ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် လျှောက်လွှာတင်ထားသည့် ပြင်သစ်၊ အီတလီ၊ တူရကီနှင့် ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည့် နော်ဝေနှင့်ဆွီဒင်တို့၏ အဆိုပြုချက်များကို ယူအီးအက်ဖ်အေက လက်ခံစဉ်းစားမည်ဟု သတင်း၌ဖော်ပြသည်။

ယင်းသို့လျှောက်တင်ထားသည့် နိုင်ငံများအနက်မှ ယင်းအုပ်စုလေးခုကို လက်ခံစဉ်းစားမည်ဖြစ်ပြီး လာမည့် ၂၀၁၀ပြည့်နှစ် မေလတွင် ဆုံးဖြတ်ချက်ချကာ အိမ်ရှင်နိုင်ငံကို ကြေညာမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

စင်ကာပူအိတ်ချ်အက်စ်ဘီစီ ဂေါက်သီးရိုက်ပြိုင်ပွဲ တောင်ကိုရီးယားမှ ဂျီရိုင်ရှင်ဗိုလ်စွဲ

လန်ဒန် မတ် ၁၀

တောင်ကိုရီးယား ဂေါက်သီးရိုက် အားကစားမယ် ဂျီရိုင်ရှင်**(အပေါ်ပုံ)**သည် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် အိတ်ချ်အက်စ်ဘီစီ အမျိုးသမီးချန်ပီယံဂေါက်သီး ရိုက်ပြိုင်ပွဲတွင် လျှော့ရိုက်ချက် ၁၁ချက်ဖြင့် ဒုတိယနေရာမှ သြစတြေးလျ ဂေါက်သီး အားကစားမယ် ကက်သရင်း ဟူးလ်အား လျှော့ရိုက်ချက် နှစ်ချက် အသာဖြင့် ဖြတ်ထားနိုင်ပြီး ဆုဖလား ဆွတ်ခူးခဲ့သည်။

ဆွတ်ခူး

အသက်၂၀ရှိ ဂျီရိုင်ရှင်သည် ကျင်းခြောက်ကျင်း၌ ဘာဒီများရကာ ရှေ့မှ ဦးဆောင်နေသူ ဟူးလ်အားကျော်ဖြတ်၍ ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မန်ယူနှင့်အင်တာမီလန်ပွဲစဉ် နောက်ဆုံးရသတင်းများ

လန်ဒန် မတ် ၁၀

ချန်ပီယံလိဂ်ဖလားအဆင့် ရှုံးထွက်ပွဲစဉ် ဒုတိယအကျော့ပြိုင်ပွဲအဖြစ် မန်ယူနှင့် အင်တာမီလန်တို့ မတ်၁၁ရက် **(ယနေ့)** ကစားမည့်ပွဲနှင့်ပတ်သက်၍ နောက်ဆုံးရရှိသည့်သတင်းအရ မန်ယူအသင်း၌ ဒဏ်ရာရနေသော နောက်ခံလူ ဖာဒီနန်၊ အိုရှေးတို့ ပါဝင်ကစားနိုင်မည်ဟု ဖာဂူဆန်က ပြောကြားသည်။

ထပ်မံပြောကြား

ထို့အပြင် ဗီဒစ်၊ နဗီးလ်၊ ဝက်စ်ဘရောင်းနှင့်ရာဖေးလ်တို့ကိုလည်း မိမိ ထုတ်သုံးမည်ဟု ၄င်းကဆိုသည်။ တစ်ဖန် ကွင်းလယ်နှင့် တိုက်စစ်ကစားသမားများ အားလုံး ကြံ့ခိုင်မှုအပြည့်ရှိနေရာ မိမိ စိတ်ကြိုက် ရွေးချယ်ခင်းကျင်းသွားမည်ဟု ဖာဂူဆန်က ထပ်မံပြောကြားသည်။

တွန်းအားပေး

ဆက်လက်ပြီး အင်တာမီလန်သည် ခြေစွမ်းထက်ပြီး မာကျောသောအသင်း ကောင်းဖြစ်သည်ကို မိမိလက်ခံထားကြောင်း၊ သို့သော် အိုးထရက်ဖို့ဒ်၌ အနိုင်ကစားရန်နှင့် မိမိ၏ ကစားသမားများ အမြင့်ဆုံးစိတ်ဓာတ်ထားရှိအောင် တွန်းအားပေးထားကြောင်း ဖာဂူဆန်က ပြောကြားသည်။

အင်တာမီလန်အသင်းတွင် ယခင်က ဒဏ်ရာရနေသော ကစားသမားလေးဦး ပါဝင်ကစားနိုင်ဖွယ် မရှိကြောင်း သိရသည်။

ပါဝင်ကစား

ယင်းတို့မှာ ချီဗူး၊ ဆန်မြူရယ်လ်၊ မာတာရာဇီနှင့် ဘာဒစ်ဆိုတို့ ဖြစ်ပြီး မန်ယူနှင့်ပွဲတွင် ပါဝင်ကစားနိုင်ကြမည် မဟုတ်ဟု နည်းပြမော်ရင်ဟိုက အတည်ပြုပြောကြားသည်။ မန်ယူနှင့် အင်တာမီလန်တို့ ချန်ပီယံလိဂ်သမိုင်းတွင် သုံးကြိမ်ဆုံခဲ့ဖူးရာ သုံးကြိမ်မြောက်အဖြစ် မန်ယူမှ ဂစ်နှင့် အင်တာမီလန်မှ ဇနက်တီတို့ ပါဝင်ကစားကြမည်ဖြစ်သည်။

(အင်တာနက်)

အာဆင်နယ်တိုက်စစ်မှူးအဒီဘာယော ရိုးမားပွဲစဉ်နှင့်လွဲချော်မည်

လန်ဒန် မတ် ၁၀

အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောသည် တံကောက်ကြောဒဏ်ရာကို ကုသမှု ခံယူနေရသောကြောင့် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် ရိုးမားတို့ ယှဉ်ပြိုင်ကစားမည့် ဒုတိယအကျော့ပွဲစဉ်နှင့် လွဲချော်မည်ဖြစ်သည်။

ကြံ့ခိုင်မှု

သို့သော်လည်း ချန်ပီယံလိဂ် ပထမအကျော့ဖြစ်သည့် အာဆင်နယ်က ရိုးမားအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့် အိုင်ဗရီကို့စ် ခံစစ်မှူး ကိုလိုတိုရေးမှာ ကြံ့ခိုင်မှုပြည့်ဝလာပြီဖြစ်သည်။

ရွေးချယ်ထား

အာဆင်နယ်က ဘန်လေအား အနိုင်ရရှိခဲ့သော အက်ဖ်အေပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့် အီဗွါဒိုနှင့် ဝေါလ်ကော့တို့ နှစ်ဦးစလုံးကိုလည်း လာမည့်ပွဲစဉ်များအတွက် နည်းပြ အာစင်ဝင်းဂါးက ရွေးချယ်ထားသည်။

(အင်တာနက်)

တိုက်စစ်မှူးနာချိုနိုဗို ဆဲလ်တစ်နှင့်ပွဲစဉ်တွင် ပါဝင်နိုင်ဖွယ်ရှိ

လန်ဒန် မတ် ၁၀

ရိန်းဂျားစ်တိုက်စစ်မှူး နာချိုနိုဗို **(အပေါ်ပုံ)**က ၄င်းအနေဖြင့် လာမည့် မတ် ၁၅ရက်၌ ကိုအော်ပရေးတစ်အင် ဆူရင့်စ်ဖလား နောက်ဆုံးဗိုလ်လုပွဲ၌ ဆဲလ်တစ်နှင့် ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားသည်။

လေ့ကျင့်

စပိန်နိုင်ငံသား နိုဗိုသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် ပြီးခဲ့သည့် ဇန်နဝါရီ ကတည်းက အနားယူနေခဲ့ရရာမှ ယခုအခါ လေ့ကျင့်ကွင်းဆင်းနေပြီဖြစ်သည်။

(အင်တာနက်)

ချစ် စိုး နိုင်
စု စည်း တင် ပြ သည်

11-3 (12).pmd 1 3/11/2009, 4:44 AM

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချိပ်ပိတ်တင်ဒါအမှတ်- ၁/၂၀၀၈-၂၀၀၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် အသုံးမပြုတော့သည့် Noritsu ရောင်စုံဖလင်ပုံကူးစက် Model-QSS2211 နှင့် Noritsu ဖလင်ဆေးစက် Model-QSS430L-3 တစ်စုံကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။ ချိပ်ပိတ်တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေသားကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)ဖြင့် ရုံးအမှတ်(၇) နေပြည်တော်၊ အမှတ် ၂၂၈ သိမ်ဖြူလမ်း ရန်ကုန်မြို့နှင့် ၆၂လမ်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ကြီးတံခွန် မန္တလေးမြို့တို့တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၁-၃၇၁၃၄၂နှင့် ၀၂-၈၀၉၈၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါစတင်ရောင်းချမည့်ရက် - ၁၂-၃-၂၀၀၉ရက် (ကြာသပတေးနေ့)

ချိပ်ပိတ်တင်ဒါပိတ်ရက် - ၂၅-၃-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)

ချိပ်ပိတ်တင်ဒါရောင်းချရေးအဖွဲ့
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၁၂၃၆၉။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ မြောက်ဒဂုံမြို့နယ်၊ ၃၅ရပ်ကွက်၊ ကန်သာယာ ၁လမ်း၊ အမှတ် ၁၂၁၆နေ ဦးဆန်းထွန်း[တိုင်းမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း]- ဒေါ်ခင်စန်းရှင်(သတ္တုတွင်းဝန်ကြီးဌာန၊ ငြိမ်း)တို့၏သားကြီး

ဗိုလ်ကြီးချမ်းဇေဟိန်း B.Sc(Physics)(D.S.A),M.Sc (Engineering Physics,Final Part II)(YU)

နှင့်

နေပြည်တော်နေ ဒုတိယဗိုလ်မှူးကြီးအေးသိန်း(ငြိမ်း)- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒေါ်မနုအေး[အထက်တန်းပြ၊ အထက(၁)ရန်ကင်း] တို့၏သမီးထွေး

မမြတ်ဆုမွန်(ခ)ဘုတ်ဘုတ်
B.Pharm(Ygn)

တို့သည် ၇-၃-၂၀၀၉ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်ကြီးချမ်းဇေဟိန်း-မမြတ်ဆုမွန်။

ရွှေရတုမင်္ဂလာနေ့ဆုတောင်း

၁၁-၃-၂၀၀၉ ရက် နှစ်(၅၀)ပြည့်တွင်ကျရောက်သော အရာခံဗိုလ်နေဝင်း၏ ရွှေရတုမွေးနေ့မှသည် စိန်ရတု၊ ပတ္တမြားရတုသို့တိုင် ချစ်သော မိသားစုနှင့်အတူ ကျန်းမာ၊ ပျော်ရွှင်၊ ချစ်ကြည်နူးစွာဖြင့် နိုင်ငံအကျိုး၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဇနီး - **ဒေါ်ငွေဟုံ(ခ)စံပယ်**
အလယ်တန်းပြ၊ အမက(၃၅)၊ သင်္ဃန်းကျွန်း၊

ချစ်သားသမီးများ - **မောင်အောင်ဇေယျ၊ မခင်လှဲ့လှဲ့ဝင်း၊ မမေစန္ဒာနွယ်၊ မဆက်မီမီပိုင်။**

ရင်ခွင်ဦးရေ !
လွမ်းတဲ့အချိန်တိုင်း
မင်းကိုစောင့်နေကျ
နေရာလေးမှာ
ကိုယ်စောင့်နေဆဲပါ
တကယ်လို့များပြန်လာခဲ့မယ်ဆိုရင်
ရင်ခုန်စွာအလွမ်းများနဲ့ကြိုနေမှာပါ

ပြန်လာခဲ့ရင် ဒီပြင်လက်ဆောင်တွေ
မလိုပါဘူး
ကိုယ့်အတွက်
အလွမ်းတွေ ပန်းတွေသာ ယူလာပေးပါ
မင်းအတွက်တော့ အနမ်းတချို့နဲ့
JASMINE PHYU က
လက်ထပ်လက်စွပ်လေးတစ်ကွင်းနဲ့အတူ
အလွမ်းတွေနဲ့ ကိုယ်မျှော်နေမှာပါ...

အမှတ် ၅၆/အေ၊ ကမ္ဘာအေးဘုရားလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
(ချမ်းမြေ့ရိပ်သာဘုန်းကြီးကျောင်းရှေ့)
ဖုန်း-၉၅-၁-၆၆၁၇၆၂။

MgO 95% သယ်ပို့ပေးရန်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် မီးခံအုတ်စက်ရုံ(ကျောက်ဆည်နှင့် တည်ငြိမ်းကုန်း)စက်ရုံတို့အတွက် MgO 95% (700)M/T အား ရန်ကုန်ဆိပ်ကမ်းမှ(တည်ငြိမ်းကုန်းနှင့် ဖော့ကန်ဂိုဒေါင်)သို့ သယ်ပို့ပေးရန် ချိပ်ပိတ်တင်ဒါခေါ်ရန်ရှိပါသည်။

(က) တင်ဒါခေါ်ရက် - ၁၀-၃-၂၀၀၉
(ခ) တင်ဒါပိတ်ရက် - ၁၃-၃-၂၀၀၉

၂။ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ရောင်းဝယ်ရေးဌာန ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။(အသေးစိတ်သိလိုပါက စုံစမ်းရန်တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၂၉၈)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

RUBY **ကားစီးလုံးငှားသည်**
ဖုန်း-၅၀၃၁၇၆၊ ၇၂၅၃၁၇
မြို့တွင်း/မြို့ပြင်၊ ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ စီးလုံးငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

AFC Challenge Cup ပြိုင်ပွဲအတွက် မြန်မာအသင်းလေ့ကျင့်ပြီ

သတင်းမှတ်စုနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် **စာမျက်နှာဖွဲ့စည်းမှု-အေးအေးဝင်း**

ရန်ကုန် မတ် ၁၀

လာမည့်ဧပြီလအတွင်းကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် မတ် ၉ရက်မှစ၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းမှာ အဆိုပါပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင် ၃၀ ကို ရွေးချယ်လေ့ကျင့်ပေးနေခြင်းလည်းဖြစ်သည်။

လူငယ်များပါဝင်လာ

AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအသင်းကို ရွေးချယ်ဖွဲ့စည်းရန်အတွက် မတ် ၃၊ ၄၊ ၆ ရက်များတွင် လူရွေး ခြေစမ်းပွဲများကျင်းပကာ ခြေစွမ်းပြကစားနိုင်သူ ၃၀ကို ရွေးချယ်ထားခြင်း ဖြစ်သည်။ လူရွေးပွဲတွင် မြန်မာလိဂ် အဆင့်မြင့်တန်းမှ ကစားသမား ၄၈ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွေးချယ်ထားသောကစားသမားအချို့မှာ ဒဏ်ရာအခြေအနေကြောင့် ပါဝင်ကစားနိုင်ခြင်း မရှိပေ။ ပဏာမလက်ရွေးစင်အသင်းကို ရွေးချယ်ဖွဲ့စည်းရာတွင် လက်ရွေးစင် ကစားသမားများဖြစ်ကြသည့် ထွန်းထွန်းဝင်း၊ ဇော်ထက်အောင်၊ အောင်မျိုးသန့်၊ စိုးသီဟအောင်၊ မျိုးမင်းထွန်း၊ ပိုင်စိုး၊ ရာဇာဝင်းသိန်း၊ အောင်ကျော်မျိုး၊ ခင်မောင်လွင်၊ မိုးဝင်း၊ အေးဆန်း၊ ကျော်ဇင်ထက်တို့ ၁၂ဦးပါဝင်လာပြီး စီးပွား/ကူးသန်းအသင်းမှ ဘိုဘိုအောင်မှာလည်း တစ်ကျော့ပြန်လည်ရွေးချယ်ခံထားရသည်။ ပြီးခဲ့သည့်မြန်မာလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့ကြသော လူငယ်ကစားသမားများဖြစ်သည့် ခိုင်ဇော်ထွန်း၊ စိုးမင်းဦး၊ ထူးကျော်၊ တင်ဝင်းအောင်၊ စိုးမင်းနိုင်၊ ကောင်းမြတ်ဦး၊ အောင်သိုက်၊ ဇော်မျိုးထွန်း၊ ဇော်ဇော်ဦးနှင့် ကျော်ကျော်မျိုးတို့လည်း ပါဝင်လာကြသည်။

ထပ်မံဖြည့်စွက်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လာမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ယခု AFC Challenge Cup ပြိုင်ပွဲကိုလည်း ဆီးဂိမ်းအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် ယူ-၂၃ ကစားသမားများဖြင့်သာ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယခုရွေးချယ်ထားသော ပဏာမကစား သမား၃၀ စလုံးကို မတ် ၉ ရက်တွင် စတင်ကျင်းပနေသည့် အဆင့်မြင့်တန်းကွင်းပိတ် (ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲကို မိခင်ကလပ်များမှ ပါဝင်ကစားခွင့်ပြုထားသည်။ ထို့ပြင် ဒဏ်ရာအခြေအနေကြောင့် ပဏာမ လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရခြင်း မရှိသောကစားသမားများမှာလည်း ကွင်းပိတ်ပြိုင်ပွဲတွင် ခြေစွမ်းပြကစားနိုင်ပါက ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။

ယှဉ်ပြိုင်

၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် AFC Challenge Cup ပြိုင်ပွဲမှာ မြန်မာအသင်းအတွက် ၂၀၁၁ အာရှဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်အတွက်

ပဏာမလက်ရွေးစင်အသင်းတွင် ပါဝင်လာသူ တိုက်စစ်မှူး အောင်ကျော်မျိုး လူရွေးပွဲ၌ ထိုးဖောက်ဂိုးသွင်းရန် ဤသို့ကြိုးစားကစားခဲ့သည်။ (မြန်မာ့အလင်း)

နောက်ဆုံး မျှော်လင့်ချက်လည်းဖြစ်သည်။ မြန်မာအသင်းမှာ ယင်းပြိုင်ပွဲတွင် ဗိုလ်စွဲမှသာ အာရှ ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ယင်းအတွက် ယခုနှစ် ဧပြီလအတွင်း ကျင်းပ မည့် ခြေစစ်ပွဲများကို အောင်မြင်အောင် ကြိုးပမ်းရဦးမည်ဖြစ်သည်။ ခြေစစ်ပွဲတွင် ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မကာအို သို့မဟုတ် မွန်ဂိုလီးယားတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သူတို့ပါဝင်

ပဏာမလက်ရွေးစင်အသင်းတွင် **နည်းပြချုပ်**-ဦးတင်မြင့်အောင်၊ **လက်ထောက်နည်းပြ**-ဦးဇော်ဝင်းထွန်း၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ အားကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်၊ ဇော်မိုးထက်၊ ဟိန်းကျော်သူ၊ **နောက်တန်း**-ခင်မောင်လွင်၊ မိုးဝင်း၊ အေးဆန်း၊ မျိုးဇော်ထွန်း၊ ကောင်းမြတ်ဦး၊ အောင်သိုက်၊ ဇော်မျိုးထွန်း၊ ကျော်ကျော်မျိုး၊ ဝင်းမင်းထွဋ်၊ ဇော်ဇော်ဦး၊ **အလယ်တန်း**-မျိုးမင်းထွန်း၊ ထွန်းထွန်းဝင်း၊ ဇော်ထက်အောင်၊ ဘိုဘိုအောင်၊ ပိုင်စိုး၊ အောင်မျိုးသန့်၊ စိုးသီဟအောင်၊ စိုးမင်းနိုင်၊ တင်ဝင်းအောင်၊ ကျော်ဌေးဦး၊ **ရှေ့တန်း**-ရာဇာဝင်းသိန်း၊ ပြည့်ဖြိုးဦး၊ အောင်ကျော်မျိုး၊ စည်သူသန်း၊ စိုးမင်းဦး၊ ထူးကျော်နှင့် ခိုင်ဇော်ထွန်းတို့ ပါဝင်ကြသည်။ ။

(မြန်မာ့အလင်း)

ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက် ရေပိုက်များလဲလှယ်

ကျောက်ဆည် မတ် ၁၀

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ခု ဘဏ္ဍာရေးနှစ် မြို့ရေပေးရေး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအနက် ဈေးတန်းရပ်ကွက် အတွင်းရှိ ရေပိုက်လိုင်းဟောင်းများ လဲလှယ်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် မတ် ၁၀

"စီးပွားရေးနယ်ပယ်သစ်၊ စိန်ခေါ်မှုအသစ်များနှင့် ရှေ့ဆက်တက်လှမ်းမည့် အာဆီယံ ခြေလှမ်းသစ်များ"၊(၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲ သတင်းဆောင်းပါးပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၁)ထွက်ရှိလာသည်။

ယင်းအပြင် ဘတ်စ်ကားအခြေပြု ခရီးသွားလုပ်ငန်းများ နိုင်ငံတကာအဆင့်မြင့်တင်ရေး ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်မည်၊ သောက်သုံးရေအတွက်သာမက သုံးရေအဖြစ်ပါ အသုံးပြုရသဖြင့် ရေသန့်ဘူးများရောင်းအားတက်၊ မြန်မာ့အနုပညာဗဟိုဌာနကြီး ဖွင့်လှစ်မည်၊ ကိုရီးယားနည်းပညာလွှဲပြောင်းမှု သင်တန်းကျောင်း မြန်မာနိုင်ငံတွင် ပထမဆုံး ထူထောင်၊ ဘိုကလေး ကြိမ်ချောင်းကြီးတွင် တန်ဖိုးနည်းအိမ်ရာများနှင့် ဆိုင်ကလုန်းရှဲလ်တာ ဆောက်လုပ်လှူဒါန်းမည်၊ မြန်မာ့ကျောက်စိမ်းတရုတ်အဝယ်ပြန်လိုက်၊ စီမံခန့်ခွဲမှုအကြောင်း သိကောင်းစရာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"ပြည်သူနှင့် မိုးလေဝသသတင်း"** အကြောင်း၊ "မတင့်ကဒီလိုပြောသွားတယ်" ဖျော်ဖြေရေး သတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

ပြည်တွင်းလုပ်ငန်းကာကွယ်ရေးဝါဒအား ဆန့်ကျင်တိုက်ဖျက်ခြင်းက စီးပွားရေးနာလန်ထူမှုအား အထောက်အကူဖြစ်စေမည်ဖြစ်၊ အမေရိကန်တွင် စီးပွားရေးဆိုးရွားလာမှုကြောင့် အိပ်မပျော်သူများလာ၊ နီပေါဘုရင့်နန်းတော်ကို ပြတိုက်အဖြစ် ဖွင့်လှစ်ပြသ၊ ကိုယ်အလေးချိန်လျော့ကျစေသည်ဆိုသည့် ချောကလက် ဗြိတိန်နိုင်ငံသားများ လိမ်ရောင်းခံရ၊ **"မိတ်ကပ်ပညာရှင်ဇနီးသည်အား သတ်သည့်ခင်ပွန်း ထောင်ဒဏ် ၁၈နှစ်ကျခံရဖွယ်ရှိ"** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့ကဒီလိုတဲ့"** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

ဘဝဒသသန

- *Aim at the sun, and you may not reach it; but your arrow will fly far higher than if aimed at an object on a level with yourself.*
- *သင်၏မြားသည် သူရိန်နေမင်းအထိ မရောက်ရှိနိုင်သော်လည်း ယင်းအထိ ချိန်ရွယ်ပါ။ သို့မှသာ သင်၏မြားသည် သင်မှန်းထားသည့်နေရာထက် ပို၍မြင့်မားစွာ ရောက်ရှိပေလိမ့်မည်။*

ဂျေဟော်ဘက်စ်(အမေရိကန်လူမျိုးဘုန်းတော်ကြီး)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝအမောပြေ

ရောင်းကောင်းပါတယ်....

အဏုမြူဓာတ်ငွေ့သင့်ထားသော ပန်းသီးများကို ရောင်းချရန်ပြင်ဆင်နေသည့် မစ္စတာစမစ်အား ၎င်း၏မိတ်ဆွေဂျွန်က မေးမြန်းခဲ့သည်။

ဂျွန် ။ ။အဏုမြူဓာတ်ငွေ့သင့်ထားတဲ့ ပန်းသီးတွေကို လိမ်ညာပြီး ရောင်းမလို့လား၊ မကောင်းပါဘူးဗျာ....။

စမစ် ။ ။မလိမ်ညာဘဲ အမှန်အတိုင်းပြောပြီး ရောင်းမှာပါ။

ဂျွန် ။ ။မဖြစ်နိုင်တာ...အဲဒီလိုအဏုမြူ ဓာတ်ငွေ့သင့်ထားတဲ့ ပန်းသီးတွေလို့ အမှန်အတိုင်းပြောပြီးရောင်းရင် ဘယ်သူက ဝယ်စားမှာမို့လဲ။

စမစ် ။ ။မပူပါနဲ့ကွာ... အဲဒီလိုရောင်းတော့ ကိုယ့်မိန်းမအတွက်... ကိုယ့်ယောက္ခမအတွက်ဆိုပြီး ဝယ်လိုက်ကြတာ လက်တောင် မလည်ပါဘူး။ ရောင်းကောင်းလိုက်တာ....။

ဂျွန် ။ ။'ဟေ'

နည်းပညာသိပ္ပံ

ကလေးငယ်များအတွက် စိတ်ဓာတ်မြှင့်တင်ပေးနိုင်သည့်စက်ရုပ်

ကလေးငယ်များအတွက် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်သည့် စက်ရုပ်တစ်ခုကို ဂျပန်စက်ရုပ်သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်သည်။



ကူညီဆောင်ရွက်ပေး

ကလေးငယ်များအား သီချင်းဆိုပြခြင်း၊ ကလေးငယ်နှင့်အတူတကွ ဆော့ကစားခြင်း၊ ကွန်ပျူတာကိုအသုံးပြုကာ ကလေးငယ်နှင့်အတူ ကျောင်းသင်ခန်းစာများ ဝိုင်းကူလုပ်ပေးခြင်းများကို လူသားတစ်ဦးကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

စိတ်ပိုင်းဆိုင်ရာ

ကလေးငယ်များအနေဖြင့် အဖော်မဲ့ကာတစ်ဦးတည်း နေထိုင်ဆော့ကစားချိန်တွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်ပေါ်စေကြောင်း၊ ထိုသို့တစ်ဦးတည်း အဖော်မဲ့ကာ နေထိုင်ကြီးပြင်းလာသူ ကလေးငယ်များသည် အသက်အရွယ်ရလာသည့်အခါ စိတ်ဝေဒနာရှင်များဖြစ်ပွားရန် အခွင့်အလမ်းများတတ်ကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

ကူညီနိုင်

ထိုသို့သော မိသားစုဝင်ကလေးများအတွက် ရည်ရွယ်ကာ ကလေးငယ်နှင့်အတူ တေးသီချင်းသီဆိုခြင်း၊ အတူလိုက်ပါကပြခြင်း၊ ကျောင်းသင်ခန်းစာများ ကျက်မှတ်စေခြင်းတို့ကို လူသားတစ်ဦးကဲ့သို့ ကူညီပေးနိုင်သည့် စက်ရုပ်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

သီတင်းတစ်ပတ်လျှင် မြင်းခွာရွက်ဖျော်ရည်တစ်ခွက်ခန့် သောက်သုံးခြင်းဖြင့် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုကို ကျဆင်းစေနိုင်ဟုဆို

အင်တာနက် ကျန်းမာရေး

မြင်းခွာရွက်ဖျော်ရည်ကို သီတင်းတစ်ပတ်လျှင် တစ်ခွက်ခန့်ပုံမှန်သောက် သုံးပေးပါက ဆီးကျိတ်ကင်ဆာ ဖြစ်ပွားမှုကို ကျဆင်းစေနိုင်ကြောင်း ပြင်သစ်သုတေသနပညာရှင်များက ထုတ်ဖော် ပြောကြားလိုက်သည်။

တိုက်ဖျက်နိုင်

မြင်းခွာရွက်တွင် ပါဝင်သော သတ္တုဓာတ်ပေါင်းများက ဆီးကျိတ်ကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်စွမ်းရှိပြီး ဆီးအိမ်အတွင်း သန့်ရှင်းရေးကို အထောက်အကူပြုစေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အထောက်အကူပြု

ထို့အပြင် မြင်းခွာရွက်ဖျော်ရည်ကို သီတင်းတစ်ပတ်လျှင် ဖန်ခွက်တစ်ခွက် ပုံမှန်သောက်သုံးပေးသူများကို သုံးနှစ်ကြာ သုတေသနပြုခဲ့ရာတွင် ဆီးကျောက်တည်ခြင်းတားဆီးပြီး အသည်းကျန်းမာရေးကို အထောက်အကူပြုစေကြောင်း သိရသည်။

အရေပြားရောဂါ

မြင်းခွာရွက်နှင့် မြင်းခွာရွက်ဖျော်ရည်ကို ပုံမှန်သောက်သုံးသူများသည် အရေပြားပေါ်တွင် ဖြစ်ပွားတတ်သော ရောဂါများကိုလည်း မဖြစ်ပွားစေရန် အထောက်အပံ့ပြုကြောင်း တွေ့ရှိရသည်ဟု ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

အင်တာနက်ဝက်ဘ်ဆိုက်ကိုတီထွင်ပေးခဲ့သူ တင်မိုသီဂျွန်ဘာနာလီ (၁၉၅၅-)

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူသားတို့ မှီတင်းနေထိုင်သည့် ဤကမ္ဘာကြီးသည် အချိန်နှင့်လိုက်၍ တိုးတက်ပြောင်းလဲနေပေသည်။ လူသားတို့သည် ၎င်းတို့၏ လူနေမှုအဆင့်အတန်း၊ ခရီးလမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံသာမက ကမ္ဘာနှင့်အဝန်း ဆက်သွယ်ရေး စသည့်ကဏ္ဍအသီးသီးတွင် တိုးတက်မြင့်မားအောင် အမြဲတီထွင်ကြံဆောင် ဖန်တီးတတ်ကြသည်။

တီထွင်

ထိုအထဲတွင် ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအလား ဆက်သွယ်ရေးလွယ်ကူချောမွေ့အောင်၊ ကမ္ဘာနှင့်အဝန်း ဒေသတစ်ခုတွင် ဖြစ်ပျက်နေသမျှအကြောင်းအရာကို အခြားဒေသတစ်ခုမှ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း သိနိုင်သည့် အင်တာနက်ဝက်ဘ်ဆိုက်ကို တင်မိုသီဂျွန်ဘာနာလီက တီထွင်ပေးခဲ့သည်။

ကျောင်းသားဟောင်း

တင်မိုသီဂျွန်ဘာနာလီကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ၁၉၅၅ခုနှစ် ဇွန်၈ရက်က မွေးဖွားခဲ့သည်။ သူသည် လန်ဒန်မြို့ ဝမ်စဝပ်သ်အရပ်ရှိ အီမန်နျူယယ်ကျောင်း၌ တက်ရောက်ပညာသင်ကြားခဲ့သည်။ အောက်စဖို့ဒ်တက္ကသိုလ်လက်အောက်ရှိ ကွင်းကောလိပ်မှ ကျောင်းသားဟောင်းတစ်ဦးလည်း ဖြစ်သည်။

အလုပ်လုပ်ကိုင်ခဲ့

တင်မိုသီသည် ယင်းကောလိပ်၌ ကွန်ပျူတာတစ်လုံးကို သံဖြင့်ဂဟေဆော်တွဲဆက်ပြီး တီတီအယ်လ် ပုံရိပ်ဖမ်းစက်နှင့် ယင်းစက်အားလုံးကို ထိန်းချုပ် ဆောင်ရွက်ပေးသော အမ်-၆၈၀၀ စက်တို့ကို စိတ်ဝင်တစား တီထွင်ခဲ့သည်။ ၎င်းသည် ၁၉၇၆ခုနှစ်တွင် ပလက်ဆေးဆက်သွယ်ရေးကုမ္ပဏီ၌ ကွန်ပျူတာအတွက် ညွှန်ကြားချက်ရေးသားပြုစုသူအဖြစ် အလုပ်လုပ်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင်မူ ဒီဂျီနက်ချ်လီမိတက်တွင် ဆော့ဖ်ဝဲရေးသားပြုစုခြင်းနှင့် ယင်းစနစ်လည်ပတ်အသုံးပြုရေးလုပ်ငန်းတွင် အလုပ် လုပ်ကိုင်ခဲ့သည်။

ခွဲဝေသုံးစွဲ

၁၉၈၀ ပြည့်နှစ်တွင်မူ တင်မိုသီသည် သုတေသနသမားများအကြား ကွန်ပျူတာဖြင့် စုဆောင်းထားသည့် အချက်အလက်များကို အလွယ်တကူပြန်လည်ရှာဖွေနိုင်သည့် နည်းလမ်းကို အခြေခံသည့်စနစ်ကို လွယ်ကူချောမွေ့စွာခွဲဝေသုံးစွဲနိုင်ရေးနှင့် သတင်းအချက် အလက်များကို နောက်ဆုံးအခြေအနေအထိ ဖော်ပြနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် စီမံကိန်းကို စီအီးအာရ်အင်န်ကုမ္ပဏီသို့ တင်မိုသီက အဆိုပြုခဲ့သည်။ ရောဘတ်ကေးလီယာယူ၏ အကူအညီဖြင့် အင်ကွိုင်ရီအမည်ရှိ ရှေ့ပြေးစနစ်ကို တီထွင်ခဲ့သည်။

တင်မိုသီဂျွန်ဘာနာလီ

စိတ်ကူးစိတ်သန်း

ဂျွန်ပိုလီ၏ အင်းမေ့ဂ်ျကွန်ပျူတာစစ္စတမ်လီမိတက်တွင် အလုပ်လုပ်ရန်အတွက် ၁၉၈၄ခုနှစ်တွင် စီအီးအာရ်အင်န်ကုမ္ပဏီမှ ထွက်ခဲ့သည်။ အင်ကွိုင်ရီစနစ်တွင်အသုံးပြုခဲ့သော စိတ်ကူးစိတ်သန်းများကို အခြေခံကာ ကမ္ဘာတစ်ဝန်းလုံး ဆက်သွယ်နိုင်သည့် ဝက်ဘ်ဆိုက်ကို တီထွင်ခဲ့သည်။

တည်ထောင်ခဲ့

၁၉၉၁ခုနှစ် ဩဂုတ် ၆ရက်တွင် အွန်လိုင်းစနစ်ကို ပထမဦးဆုံး ကမ္ဘာသို့တင်နိုင်ခဲ့သည်။ ၁၉၉၄ခုနှစ်တွင် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်နှင့် ကိန်းဘရစ်ချ်တက္ကသိုလ်တို့ရှိ ကွန်ပျူတာသိပ္ပံဆိုင်ရာ လက်တွေ့စမ်းသပ်ခန်းများ၌ တစ်ကမ္ဘာလုံးသို့ လွှင့်တင်နိုင်သည့် ဝက်ဘ်ဆိုက်အဖွဲ့အစည်းကို တည်ထောင်ခဲ့သည်။

၂၀၀၁ခုနှစ်တွင် ဗြိတိသျှကွန်ပျူတာ အဖွဲ့အစည်း၏ ထူးချွန်ထက်မြက်သည့်အဖွဲ့ဝင်၊ လျှပ်စစ်အင်ဂျင်နီယာအသင်း၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင်၊ အမေရိကန်ဝိဇ္ဇာနှင့်သိပ္ပံအကယ်ဒမီ၏အဖွဲ့ဝင်နှင့် တော်ဝင်လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်များဖြစ်လာသည်။ ၂၀၀၂ခုနှစ်တွင် ဂျပန်ပြည်မှ ချီးမြှင့်သော တီထွင်ပညာရှင်ဆုကို လက်ခံရရှိခဲ့သည်။

သူကောင်းပြု

၂၀၀၄ခုနှစ် ဧပြီ ၁၅ရက်တွင် ဖင်လန်နိုင်ငံ မီလန်နီယမ်နည်းပညာတက္ကသိုလ်မှ ကမ္ဘာ့အဝန်းသို့ သတင်းအချက်အလက် လွှင့်ထုတ်ခဲ့သော ဝက်ဘ်ဆိုက်ကို တီထွင်ခဲ့သည့် ပထမဦးဆုံးသော ပုဂ္ဂိုလ်အဖြစ် တင်မိုသီအား သူကောင်းပြုခဲ့သည်။ အမေရိကန်ဒေါ်လာ ၁ဒသမ၂သန်း ရှိသည့်ဆုကိုမူ ယင်းနှစ် ဇွန် ၁၅ရက်တွင် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ တာဂျာဟာလိုနင်က ချီးမြှင့်ခဲ့သည်။

၁၉၉၇ခုနှစ်တွင် ဗြိတိသျှအင်ပါယာ၏ ဂုဏ်ထူးဆောင်အရာရှိတစ်ဦးအဖြစ် ခန့်အပ်ခံရသည်။ ၂၀၀၄ခုနှစ် ဇူလိုင်၁၆ရက်တွင် အယ်လီဇဘက်ဘုရင်မ၏ အထူးသူရဲကောင်းအဖြစ် ဆုချီးမြှင့်ခံရပြီး ယင်းဆုသည် ဗြိတိသျှအင်ပါယာ၌ ဒုတိယအမြင့်ဆုံးဖြစ်သည်။ တီထွင်ပညာရှင် တင်မိုသီဂျွန်ဘာနာလီသည် ၎င်းဝါသနာပါသော တီထွင်မှုလောကတွင် ယနေ့အထိ ဆက်လက်တီထွင်လုပ်ကိုင်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ရေးသားသည်။**

ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအလား ဆက်သွယ်ရေး လွယ်ကူချောမွေ့အောင်၊ ကမ္ဘာနှင့် အဝန်းဒေသတစ်ခုတွင် ဖြစ်ပျက်နေသမျှ အကြောင်းအရာကို အခြားဒေသတစ်ခုမှ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း သိနိုင်သည့် အင်တာနက် ဝက်ဘ်ဆိုက်ကို တင်မိုသီဂျွန်ဘာနာလီက တီထွင်ပေးနိုင်ခဲ့။

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် မတ်၁ရက်က မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ စက်ပြင်အလုပ်ရုံလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးပြည်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ (စက်မှု) ဦးသိန်းတန်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်လှူဒါန်းပွဲ ယင်းမာပင်မြို့နယ်၌ ကျင်းပ

ယင်းမာပင် မတ် ၈

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီက (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ထို့နောက် စာအုပ်လှူဒါန်းပွဲကို မွန်းလွဲပိုင်းတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက ကျေးရွာစာကြည့်တိုက်များရှင်သန်ခိုင်မာရေး သတ်မှတ်စံ(၅)ချက်နှင့် ကျေးရွာတိုင်းသတင်းစာရောက်ရှိရေးတို့ကိုရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက်စစ်ကိုင်းတိုင်း တိုင်းလုံးကျွတ်စာကြည့်တိုက် ငွေပဒေသာပင် ရန်ပုံငွေမှ ဝယ်ယူပေးပို့သော စာအုပ်စာစောင် ၃၄၂ အုပ်ကို ယင်းမာပင်မြို့နယ်အတွင်းမှ ကျေးရွာစာကြည့်တိုက်များအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ယာပုံ) (မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များ စာငှားကတ်စနစ် အသုံးပြုရေး သင်တန်းဖွင့်

ကျောက်ပန်းတောင်း မတ် ၁၀

ကျောက်ပန်းတောင်းမြို့နယ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စာငှားကတ်စနစ်အသုံးပြုရေး သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀နာရီက ကျောက်ပန်းတောင်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စပါးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်အုန်းမြင့်၊ ဦးသောင်းမြ(စာထောက်-၃)၊ ဦးနေအောင် (ခတ်ပုံကျွမ်းကျင်-၂)၊ ဦးဇော်တိုး (ရုပ်သံကျွမ်းကျင်-၃)တို့က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌ စာငှားစနစ်ကျင့်သုံးရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ တိုက်ပိုင်စာရင်းရေးသွင်းရေး၊ စာပေပစ္စည်းထိန်းသိမ်းရေးဘာသာရပ်တို့ကို ရှင်းလင်းဆွေးနွေးပို့ချခဲ့သည်။ အဆိုပါ သင်တန်းသို့စာကြည့်တိုက်မှူး ၇၀ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲ ခန္တီးမြို့နယ်၌ကျင်းပ

ခန္တီး ဖေဖော်ဝါရီ ၂၅

ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေးအလုပ်ရုံဆွေးနွေးပွဲကို ခန္တီးမြို့နယ် မှန်ပင်ကျေးရွာ၊ ရပ်ကွက်ရုံးခန်းမ၌ ဇန်နဝါရီ ၂၅ရက် နံနက် ၁၀နာရီက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမြင့်သိန်းစိုး၊ ရပ်ကွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ကျေးလက်နေပြည်သူများ စာပေဗဟုသုတ တိုးပွားရရှိရေး၊ အသိပညာအခြေခံကောင်းများ ပိုမိုရရှိလာနိုင်စေရေးအတွက် အုပ်စုအတွင်းရှိ ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေးဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ကျေးရွာအုပ်စုဥက္ကဋ္ဌဦးဝင်းအောင်က စာအုပ်၊ စာစောင်တိုးပွားရေးဆောင်ရွက်နေမှုများ၊ငွေပဒေသာပင်ရရှိရေးဆောင်ရွက်ထားရှိမှုများနှင့် စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမြင့်သိန်းစိုးက သိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

စစ်ဆေး

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့်အဖွဲ့သည် ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါ၍ မှန်ပင်၊ကောင်းမှု၊ လက်ပံသာ၊ မကမ်နောင်နှင့် ထိန်အင်ကျေးရွာများတွင် ဆောက်လုပ်လျက်ရှိသည့် စာကြည့်တိုက်များ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သည့် မြို့လယ်ရပ်သြဘာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်ဖြိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၂ဝ)

ကျောင်းကုန်း၌ လုပ်ငန်းများဆောင်ရွက်ရန် မြို့မိမြို့ဖများ မော်တော်ယာဉ်တစ်စီးလှူဒါန်း

ကျောင်းကုန်း မတ် ၅

မြို့နယ်လုပ်ငန်းများအဆင်ပြေ ဆောင်ရွက်နိုင်ရန်အတွက် မြို့မိမြို့ဖများမှ လှူဒါန်းသည့်ငွေကျပ် ၁၂၅သိန်းတန်ဖိုးရှိ (Toyota Town Ace)အမျိုးအစားမော်တော်ယာဉ်အား လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၉ရက် မွန်းလွဲ ၂နာရီကဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပသည်။ အခမ်းအနားတွင် ငွေကျပ် ၁၂၅သိန်း တန်(Toyota Town Ace) မော်တော် ယာဉ်နှင့် စာရွက်စာတမ်းများကို မော်တော်ယာဉ်လက်ခံရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဉာဏ်လှိုင်ထံသို့ မော်တော်ယာဉ်ဝယ်ယူရေးကြီးကြပ်မှုကော်မတီဝင် ဦးခင်အောင်ဆွေက လွှဲပြောင်းပေးအပ်သည်။

ပေးအပ်

ထို့နောက် အမှတ်(၂)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၅၀ ဆက်လက်လှူဒါန်းရာ အမှတ် (၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းထံသို့ အလှူရှင်များကိုယ်စား မြို့မိမြို့ဖ ဦးခင်စိုးက ပေးအပ်ကြောင်းသိရသည်။ (၁၅၄)

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အလုပ်ခွင်ထိခိုက်ဒဏ်ရာရရှိသော ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာနက အာမခံအလုပ်သမား ဦးအောင်ငွေအား အမြဲတမ်းမသန်စွမ်းမှုလစဉ်ပင်စင်ရာနှုန်းပြည့်ငွေနှင့်ဘီးတပ်ကုလားထိုင်တစ်လုံးကို ရုံးခွဲတာဝန်ခံ ဒေါ်ရီရီဝင်းနှင့် တာဝန်ခံဆရာဝန် ဒေါက်တာမေစိုးထွန်းတို့ ဖေဖော်ဝါရီ ၂၆ရက်က ထောက်ပံ့ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

မီးသတိပြု

ထီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကုံကော်လမ်း ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်လွင်က ရှင်းလင်းပြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့၌ အမေ့မြေပညာရေးမိသားစု ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

ဝမ်းတွင်း ဖေဖော်ဝါရီ ၂၈

၂၀၀၆-၂၀၀၇၊ ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ်အတွက် အမေ့မြေပညာရေးမိသားစုမှ စတုတ္ထအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ အလကခွဲ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးရွှေသောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြော ကြားပြီး အမေ့မြေပညာရေး မိသားစုအသင်းဥက္ကဋ္ဌ ဦးခင်မောင်ကြည်က အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပညာရည်ချွန်ဆုရရှိသော အလကခွဲ ဘုရားစု၊ အမက (၁)၊ ဘုရားစု၊ အမက(၂) ထိန်ပင်အင်း၊ အမက (၃) ရုံးတောကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၆ဦးအား ကျပ်၂၉၂၀၀၀ကို ပညာရည်ချွန်ဆုအဖြစ် အမေ့မြေပညာရေးမိသားစုမှ ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ပညာရေး)**

ညောင်ရွှေမြို့နယ်၌ ပန်းအလှပင်များစိုက်ပျိုး

ညောင်ရွှေ မတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းလှပစိုပြည်ရေးအတွက် စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ရက်က မြို့အဝင် ဗိုလ်ချုပ်ပန်းခြံတွင် အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုး ဦးဆောင်ကြီးကြပ်၍ ရုံးဝန်ထမ်းများက ရာသီအလိုက် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးကြောင်း သိရသည်။ (ဝ၂၁)

မင်းဘူးခရိုင် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ စာကြည့်တိုက်များရေရှည်တည်တံ့ရေး ဆွေးနွေး

မင်းဘူး မတ် ၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်နှင့် ၂၀၀၉-၂၀၁၀ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန် (၁၁)ရပ် ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၆ရက်က မင်းဘူးခရိုင်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း လက်ထောက်ညွှန်ကြားရေးမှူးဦးဝေလင်းက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး **(အပေါ်ပုံ)** မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်း ထွန်းအောင်က ခိုင်မာသည့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာငှားစနစ်နှင့် စာအုပ်တိုးပွားရေး၊ ရန်ပုံငွေရရှိရေးအတွက် ခရိုင်စီမံချက်ကို ဆွေးနွေးပြီး မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲ၊ စေတုတ္တရာမြို့နယ် ဦးစီးမှူးများက မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် အခမ်းအနားတွင် ရုံးချုပ်က ချီးမြှင့်သည့် ဆုများကို တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေးအတွက်လိုက်နာရမည့်စည်းကမ်းများ မန္တလေးတိုင်းအတွင်း၌ ပညာပေးဟောပြော

မန္တလေး မတ် ၁၀

နိုင်ငံပိုင်အလုပ်ရုံ၊ စက်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဝန်ထမ်းများအား ပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ရက် နံနက်က မြစ်ငယ်မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ မန္တလေးတိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်မင်း၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းပညာပေး ဟောပြောကြသည်။

ရှေးဦးစွာ တိုင်းမီးသတ်ဦးစီးမှူးသည် စက်ရုံမင်္ဂလာခန်းမတွင် လက်ထောက်အထွေထွေမန်နေဂျာ ဦးစန်းလွင်၊ လက်ထောက်မန်နေဂျာ(လုံခြုံရေး) စက်ရုံမီးသတ်တပ်ဖွဲ့ တာဝန်ခံ ဦးခင်မောင်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် လက်ထောက်အထွေထွေမန်နေဂျာ ဦးစန်းလွင်က အမှာစကားပြောကြားပြီး တိုင်းမီးသတ်ဦးစီးမှူးဦးတင်မင်းက နိုင်ငံ့ဝန်ထမ်းကောင်းပီပီ၊ တာဝန်သိသိဖြင့် နိုင်ငံပိုင်ပစ္စည်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များ၊ ရှောင်ရန် ကိစ္စရပ်များကို ပညာပေးဟောပြောသည်။ ယင်းနောက် ခရိုင်မီးသတ်ဦးစီးအရာရှိဦးကျော်နိုင်မိုးက မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုနည်းများကို ရှင်းလင်းသည်။

လက်တွေ့သရုပ်ပြ

ဆက်လက်၍ စက်ရုံရှေ့ကွက်လပ်ကွင်းပြင်တွင် အမရပူရမြို့နယ် မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးကိုကိုလတ်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြသည်။ **(အပေါ်ပုံ)** (ဝ၉၀)

တာမွေမြို့နယ် အမက(၃၂) ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ရက်က ကျင်းပရာ တတိယတန်းမှ ပထမဆုရ မနှင်းဟေမာန်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီက ဆုချီးမြှင့်စဉ်။ (၁၁၇)

(၁၂၃)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၁၀

တာမွေမြို့နယ်မှ ဦးအုန်းကျော်(ခ) ဦးသက်ချို လူမှုထူးချွန် (ပထမဆင့်) **(အပေါ်ပုံ)**သည် မတ် ၃ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာနတွင် (၁၂၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပွဲ ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၅

၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပွဲ အခမ်းအနားကို ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီး၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်ညို၊ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးသက်လွင်၊မြို့နယ်ဥက္ကဋ္ဌဦးအေးလွင်**(ယာပုံ)**၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြသည်။

အဆိုပါ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပွဲများကို ဖေဖော်ဝါရီ ၇ရက်မှ ၉ရက်အထိ မြို့နယ်အတွင်း စုရပ်ပေါင်း ၁၃၆ခု၌ ကျင်းပခဲ့ပြီး အောင်မြင်မှု ၉၈ ဒသမ ဝ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးမောက်၌ ပညာတံခွန်စာကြည့်တိုက်အဆောက်အအုံဖွင့်

မိုးမောက် မတ် ၂

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူး ဦးစိုင်းသိန်းလွင်သည် ဖေဖော်ဝါရီ ၂၄ရက် ညနေ ၃နာရီက မိုးမောက်မြို့နယ်သို့ရောက်ရှိပြီး တာလီကျေးရွာအုပ်စု လင်းပွင့်စာကြည့်တိုက်နှင့် မင်းကျမ်းကျေးရွာအုပ်စု ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ ရန်ပုံငွေနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

အဆိုပါ စာကြည့်တိုက်များအတွက် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ရန်ပုံငွေကျပ် ၂၄၉၀၀၀၊ သုတ ရသစာအုပ်မျိုးစုံအုပ် ၁၈၀နှင့် ရေဒီယိုနှစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကလောမြို့တွင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများဆယ်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဒုတိယအကြိမ်ဖွင့်ပွဲ ဗန်းမောက်၌ကျင်းပ

ဗန်းမောက် ဖေဖော်ဝါရီ ၂၈

၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဒုတိယအကြိမ် ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ဖေဖော်ဝါရီ ၇ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာသောင်းအေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာဦးစီးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ငါးနှစ်အောက် ကလေးငယ်များနှင့် ကလေးမိခင်များ စုစုပေါင်း ၁၂၀ကျော် တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကမ်းနားလမ်းသစ် မြေကြီးဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၉ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဟုမ္မလင်းမြို့၌ အကြိုမီးသတ်သင်တန်းဆင်း

ဟုမ္မလင်း မတ် ၂

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ် (၄/၂၀၀၉) ဆင်းပွဲအခမ်းအနားကို မာန်ဟုန်ကျေးရွာအုပ်စု နားမော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဖေဖော်ဝါရီ ၂၆ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း တက်ရောက် အမှာစကားပြောကြားပြီး ခန္တီးခရိုင်ဥက္ကဋ္ဌ ဦးလှထွန်း၊မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရ သင်တန်းသားများအား ဆုများပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆွမ်းဆန်စိမ်း လောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။

(သတင်း - ရှေ့ဖုံး)
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

(သတင်း - ရှေ့ဖုံး)
(သတင်းစဉ်)

ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။

(သတင်း - ရှေ့ဖုံး) (သတင်းစဉ်)